ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလကွယ်၊ ဗုဒ္ဓဟူးနေ့၊ (26-4-2006) (၄၉၃၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H. Mr. Vyacheslav M. Lebedev ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H Mr. Vyacheslav M. Lebedev ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Oleg V. Kabanov လည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် ဥက္ကဋ္ဌ H.H. Mr. Vyacheslav M. Lebedev အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် ဥက္ကဋ္ဌ H.H. Mr. Vyacheslav M. Lebedev အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၆-၄-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှုနိုင်ငံအဆင့်သို့ ကူးပြောင်းနိုင်ရေးကြိုးပမ်း စက်ရုံအလုပ်ရုံများ စက်စွမ်းအားပြည့်ထုတ်လုပ်

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှသာ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖြစ်ထွန်းလာပြီး စီးပွားရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က လယ်ယာကဏ္ဍကို အခြေခံသည့် လက်မှုနိုင်ငံအဆင့်မှသည် စက်မှုနိုင်ငံအဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် စက်မှုအခြေခံလုပ်ငန်းများကို ကြိုးပမ်းထူထောင်လျက်ရှိသည်။ မူလရှိရင်းစွဲ စက်ရုံကြီးများကို အဆင့်မြှင့်တင်မှုများ ပြုလုပ်လျက်ရှိသကဲ့သို့ သွင်းကုန်အစားထိုး စက်ရုံအများအပြားကိုလည်း အခြေအနေပေးသည့် ဒေသတိုင်း၌ တိုးချဲ့တည်ဆောက်လျက်ရှိသည်။

ယင်းသို့သော အချိန်အခါတွင် ခေတ်မီစက်ကိရိယာများသုံးစွဲ၍ စက်မှုထုတ်ကုန်ပစ္စည်းများ၊ အရည်အသွေး ကောင်းမွန်စိတ်ချပြီး သက်တမ်းပြည့် အသုံးပြုနိုင်သည့် စက်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြေခံစက်မှုလုပ်ငန်းများ အပါအဝင် ဈေးကွက်ရှိသော စက်ကိရိယာပစ္စည်းများ၊ သုံးစွဲသူအကြိုက် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးကို ဝါယမစိုက်ထုတ် လုပ်ကိုင်ကြရမည်ဖြစ်သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် လူသုံးကုန်ပစ္စည်းနှင့် အိမ်သုံးကုန်ပစ္စည်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ထူထောင်လျက်ရှိရာ ခေတ်မီစက်မှုလုပ်ငန်း အများအပြား ပေါ်ထွက်လာနေပြီဖြစ်သည်။

ဧရာဝတီတိုင်းအတွင်း သစ်တောထွက်ပစ္စည်းများကို အခြေခံထုတ်လုပ်နေသည့် ပျော့ဖတ်စက်ရုံ(သာပေါင်း)၊ ဂုန်လျှော် အပင်လိုက်ကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ စက္ကူထုတ်လုပ်နေသည့် မအူပင်စက္ကူစက်ရုံတို့သည် ပြည်တွင်းစက္ကူ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အထောက်အကူပြု စက်ရုံများဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများလည်း ဖော်ဆောင်ပေးလျက်ရှိသည်။

အလားတူ ချည်မျှင်နှင့် အထည်စက်ရုံ(ပခုက္ကူ) အပါအဝင် ရွှေတောင်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံ၊ ပလိပ်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံ၊ စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံ၊ ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ၊ ဆားလင်းကြီးချည်မျှင်နှင့် အထည်စက်ရုံတို့ကို တည်ဆောက်ပေးထားသည့်အတွက် ပြည်တွင်းချည်မျှင်နှင့် အထည်အလိပ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း တွေ့ရသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၃၀ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် စက်ရုံကို ဧပြီလ ၂၄ရက်နေ့က မကွေးတိုင်း ချောက်မြို့နယ်အတွင်း၌ အသစ်ဖွင့်လှစ်ခဲ့ပြန်သည်။

အဆိုပါ စက်ရုံမှထုတ်လုပ်သော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်ကို စက္ကူပျော့ဖတ်နှင့် ချည်ထည်များ အရောင်ချွတ်ခြင်း၊ စွန့်ပစ်ရေသန့်စင်ခြင်းနှင့် ဗီတာမင် ဘီ ၁၊ တီဘီဆေး၊ ဖောရောင်ကျဆေးနှင့် ပိုးသတ်ဆေး စသည့်ဆေးဝါးများ ထုတ်လုပ်ရာတွင် သုံးစွဲနိုင်သည်။ ထို့အပြင် အစားအသောက်များ၊ အသားနှင့် ဟင်းသီးဟင်းရွက်များ ဆေးကြောရာ၌ သုံးစွဲနိုင်သည့်အပြင် အလှပြင်ဆိုင်များ၊ ဆီ၊ ဆီခဲ၊ ဖယောင်း၊ သားရေ၊ ကော်၊ သိုးမွေး၊ ဆေးရွက်ကြီး စသည်တို့ကို အရောင်ချွတ်ရာတွင်လည်း အသုံးပြုနိုင်ကြောင်း သိရသည်။

ယင်းသို့ နယ်မြေဒေသအလိုက် ခေတ်မီစက်ရုံအလုပ်ရုံများ၊ သွင်းကုန်အစားထိုးစက်ရုံများ တိုးချဲ့တည်ဆောက် ဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွက်လာရေး အကျိုးပြုလျက်ရှိသည့်အပြင် သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများအဖြစ် ရပ်တည်ပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုနေပြီဖြစ်သည်။

သို့ဖြစ်ရာ စက်မှုနိုင်ငံအဆင့်သို့ ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းကပါ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူအသီးသီးနှင့် ဝန်ထမ်းများက မိမိတို့စက်ရုံအလိုက် စက်စွမ်းအားပြည့် ကုန်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

တရားသူကြီးချုပ်နှင့် ရှေ့နေချုပ်တို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌတွေ့ဆုံ

တရားသူကြီးချုပ် ဦးအောင်တိုးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H.Mr. Vyacheslav M.Lebedev နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၅

တရားသူကြီးချုပ် ဦးအောင်တိုး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလည်အပတ်ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H.Mr. Vyacheslav M. Lebedev ဦးဆောင်သော အဖွဲ့သည် ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ရှိ တရားသူကြီးချုပ်၏ ညှို့ခန်းမဆောင်သို့ လာရောက်၍ တရားသူကြီးချုပ် ဦးအောင်တိုးအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Oleg V. Kabanov ၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်နှင့် ညွှန်ကြားရေးမှူး ဦးထင်ဇော်တို့ တက်ရောက်ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌသည် ရှေ့နေချုပ်၏ ညှို့ခန်းမဆောင်သို့ သွားရောက်၍

ရှေ့နေချုပ်ဦးအေးမောင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံတရားရုံးချုပ် ဥက္ကဋ္ဌ H.H. Mr. Vyacheslav M. Lebedev နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရှေ့နေချုပ် ဦးအေးမောင်အား တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရန်ကုန်တိုင်းတရားသူကြီး ဦးအောင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၇နာရီခွဲတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးဘရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဧည့်သည်တော်နှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ကြည့်ရှုကြကာ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဧည့်သည်တော်နှင့် အဖွဲ့သည် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား ကြည်ညို၍ သာလွန်မင်းခေါင်းလောင်းတော်ကို ကြည့်ရှုလေ့လာပြီး ထီးတော်စေတီတော်ကို ကြည်ညိုကြသည်။ ဆက်လက်၍ ဧည့်သည်တော် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌသည် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ဧည့်သည်တော်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မော်ကွန်းဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော်နှင့် အဖွဲ့သည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်အတွင်းပြသထားသော ပြကွင်း၊ ပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော်နှင့် အဖွဲ့သည် ရန်ကုန်မြို့ရှိ တရားရုံးချုပ် အစည်းအဝေးခန်းမ၌ တရားသူကြီးချုပ် ဦးအောင်တိုး ဦးဆောင်သောအဖွဲ့နှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ ထို့နောက် ဧည့်သည်တော်နှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ တရားရုံးချုပ် ရုံးခန်း အမှတ်(၁)၌ တရားရုံးချုပ် တရားသူကြီး ဦးချစ်လွင်၏ ရုံးထိုင်ကြားနာသည်ကို ကြည့်ရှုလေ့လာကြသည်။

ဧည့်သည်တော်နှင့် အဖွဲ့အား တရားသူကြီးချုပ်ဦးအောင်တိုးက ညနေ ၆နာရီခွဲတွင် ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H.Mr.Vyacheslav M. Lebedev နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်တွင် ကြည့်ရှု လေ့လာကြစဉ်။ (သတင်းစဉ်)

အသိပညာတိုးပွားဖို့ စာကြည့်တိုက်များထူထောင်စို့

ဆင်ဖြူကျွန်း – မြင့်သိန်း

စာကြည့်တိုက်ဟူသည်မှာ စာအုပ်စာတမ်း၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများကို လေ့လာဖတ်ရှုရန် စုဆောင်းသိုမှီးထားသော နေရာဌာနပင်ဖြစ်သည်။ **ပညာဘဏ်တိုက်စာကြည့်တိုက်**ဟုခေါ်ဆိုကြ၏။ တစ်နည်းအားဖြင့် စာအုပ်နှင့် ပြည်သူလူထုဆက်သွယ်ပေါင်းကူးပေးသည့် ဌာန၊ ဘဝတက္ကသိုလ်၊ အသိဉာဏ်ပညာထုတ်လုပ်ရာ အလုပ်ရုံ၊ ဘဝတစ်သက်တာ စာဖတ်ခန်း(ဝါ)လူထုတက္ကသိုလ်၊ နိုင်ငံတော်၏ ဦးနှောက်၊ အသည်းနှလုံးစသဖြင့် အမျိုးမျိုးခေါ်ဆိုနိုင်ပါသည်။ စာကြည့်တိုက်များသည် အမှန်စင်စစ် ပြည်သူလူထုအား အသိအမြင် ပွင့်လင်းစေ၏။ အမြင်ကျယ်စေပြီး အထွေထွေ ဗဟုသုတများ တိုးပွားစေနိုင်သည်။ အသိပညာ ဖြန့်ဖြူးရေးတွင် အထိရောက်ဆုံးဖြစ်ပေသည်။

"စာကြည့်တိုက်သမိုင်းအစ ပိဋကတ်တိုက်က"ဟူသော ဆိုရိုးစကားရှိ၏။ မြန်မာနိုင်ငံတွင် ပုဂံခေတ်မှ စတင်၍ ပိဋကတ်တိုက်များစတင်ပေါ်ပေါက်လာခဲ့သည်။ ပုံစံအားဖြင့် အနော်ရထာမင်း ပိဋကတ်တိုက်၊ ကျစွာမင်း ပိဋကတ်တိုက်၊ ဘိုးတော်ဘုရားပိဋကတ်တိုက်၊ မင်းတုန်းမင်း ပိဋကတ်တိုက်၊ ညောင်ရမ်းမင်းသား ပိဋကတ်တိုက်၊သီပေါမင်း ပိဋကတ်တိုက်၊ကင်းဝန်မင်းကြီးပိဋကတ်တိုက်၊ ပုဂံဝန်ထောက်မင်းဦးတင် ပိဋကတ်တိုက်၊ ဘားနာဒ် စာကြည့်တိုက်စသည်ဖြင့် ခေတ်ကာလ အဆက်ဆက်တွင် ရှိခဲ့၏။

စာအုပ်သည် လူ့လောကတွင် အကောင်းဆုံးသော၊ အပြည့်ဝဆုံးသော အင်အားတစ်ရပ်ဖြစ်သည်။ စာအုပ်များသည် အမှန်စင်စစ် ပင်လယ်ကြီးထဲတွင် တည်ဆောက်ထားသော မီးပြတိုက်သဖွယ်ဖြစ်ပေ၏။ စာပေသည် ဘဝအလင်းရောင်၊ လူ့ဘဝ၏ မီးရှူးတန်ဆောင်ဟုခေါ်ဆိုနိုင်သည်။ လောက၌ ကြီးပွားတိုးတက်လိုသူတိုင်းသည် စာအုပ်စာပေများနှင့် ကင်းကွာ၍မရပေ။ စာအုပ်များထဲက အသိပညာ၊ အထွေထွေ ဗဟုသုတများရရှိသည်။ စာဖတ်ခြင်းသည် ပျော်ရွှင်မှု၊ တန်ဆာဆင်မှုနှင့် အရည်အသွေးတိုးတက်မှုအတွက် လူသားကိုအကျိုးပြုနိုင်၏။

တရုတ်ပညာရှိတစ်ဦး၏ အဆိုအမိန့်မှာ **"စာအုပ်သည် အကျိုးအရှိဆုံး လက်ဆောင်ပစ္စည်းဖြစ်၏၊ ငွေသည် အသုံးအဝင်ဆုံး လက်ဖွဲ့ပစ္စည်းဖြစ်၏"** ဟူ၍ဖြစ်သည်။ စာအုပ်စာပေသည် လူမျိုးတစ်မျိုး၏ ဉာဏ်ပညာ၊ အခြေခံအမြင်တို့ ထင်ဟပ်ရာ၊ ယဉ်ကျေးမှုအဆင့်အတန်းကိုဖော်ညွှန်းရာ ကြေးမုံပြင်ပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ စာအုပ်စာပေနှင့်စပ်လျဉ်း၍ မြန်မာမှုနယ်ပယ်တွင် **"နှုတ်တစ်ရာ စာတစ်လုံး"** ဟူသော ဆိုရိုးစကားရှိ၏။ ကောင်းမွန်သည့် စာအုပ်တစ်အုပ်ဖတ်လျှင်ပင် အကျိုးရှိလှသည်။ မကောင်းသည့် စာအုပ်တစ်ရာဖတ်လည်း အချည်းနှီးပင်ဖြစ်၏။

"အလိမ္မာစာမှာရှိသည်"ဟူသောစကားပုံသည် စာအုပ်စာပေ တန်ဖိုးကြီးမားပုံကို ညွှန်းဆိုဖော်ပြထားခြင်းဖြစ်ပါသည်။ စာအုပ်စာပေသည် လူတို့အား အသိအလိမ္မာ တိုးပွားစေနိုင်၏။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များကို အပြောအဆို အမူအရာယဉ်ကျေးသိမ်မွေ့ စေနိုင်သည်။ ထို့ပြင် ခေတ်သမိုင်းကြောင်းကိုလည်း ဖော်ညွှန်းထင်ဟပ်ပါ၏။ စာအုပ်စာပေဟူသည်ကား အသွင်သဏ္ဌာန်အားဖြင့် စာစောင်၊ ဂျာနယ်၊ မှတ်တမ်း၊ စာတမ်း၊ မဂ္ဂဇင်းစသဖြင့် အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားပေ၏။

စာဖတ်ခြင်းနှင့် စပ်လျဉ်း၍ အင်္ဂလိပ်စကားပုံများရှိပါသည်။ ၎င်းတို့မှာ "Reading is the soil where knowledge grows."၊"Books make a perfect man."ဟူ၍ဖြစ်၏။ ရုရှား စာရေးဆရာမက္ကဇင်ဂေါ်ကီက**"လူတို့ ဖန်တီးသော အံ့ဖွယ်များအနက် စာအုပ်သည် အကြီးမားဆုံး အံ့ဖွယ်ဖြစ်သည်။ လူ့ဘောင်လောက၏ပညာ ဗဟုသုတအားလုံး၊ လုပ်ရပ်အားလုံးနှင့် အတွေ့အကြုံအားလုံးတို့သည် စာအုပ်တွင် ကိန်းဝပ်ကြ၏။ လူ့အသိဉာဏ် ပိုမိုတိုးတက်ရေးအတွက် အထက်မြက်ဆုံးစွမ်းအားသည် စာအုပ်ပင်ဖြစ်သည်"**ဟုမိန့်ဆိုထားပေသည်။

လူ့လောကတွင် အစာငတ်လျှင် တစ်ခဏ၊ စာငတ်လျှင် တစ်ဘဝလုံး ဆုံးရှုံးမည်ဖြစ်သည်။ စာအုပ်မရှိသောအခန်းသည် ဝိညာဉ်မရှိသော ခန္ဓာကိုယ်နှင့်တူညီ၏။ ထို့အပြင် အင်းဝခေတ် ရဟန်းစာဆို အကျော်အမော်တစ်ပါးဖြစ်သောဆရာတော်ရှင်မဟာရဋ္ဌသာရကလည်း **"လက်သစ်တောင်တာ"**အစချီသော ဆုံးမစာ အလင်္ကာ၌ **"မှတ်ဖွယ်မှတ်ရာ ထိုထိုစာကို၊ ရှာ၍မပြတ် အိမ်တွင်ဖတ်"**ဟူ၍လည်းကောင်း၊ စာပိုဒ်(၅)တွင် **"ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင် သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်"** ဟုလည်းကောင်း စပ်ဆိုဖွဲ့နွဲ့ထားပေသည်။ စာပေသည် စိတ် အာဟာရတစ်ပါးပင် ဖြစ်၏။ လူတိုင်း လူတိုင်း မိမိအသိပညာပြည့်ဝဖို့ ဦးနှောက်ကိုကျွေးရမည့် အစားအစာမှာ စာဖတ်ခြင်းပင်ဖြစ်သည်။သို့ပါ၍ စာအုပ်စာပေသည် ထာဝရမိတ်ဆွေ စစ်စစ်ဟု ဆိုနိုင်ပါ၏။

ဆရာကြီး ပီမိုးနင်းက**"လူကိုစိတ်အုပ်ချုပ်၏၊ စိတ်ကိုဉာဏ်ပညာက အုပ်ချုပ်၏၊ ဉာဏ်ပညာကို ဗဟုသုတကအုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်း အမျိုးမျိုးကို ဖတ်ကြကုန်လော့"**ဟု မိန့်ဆိုထားသည်။ ဆရာကြီး ဦးဗဂျိုငိုကလည်း **"လောက၌ လူကို စိတ်က အုပ်စိုး၏၊ စိတ်ကို အသိဉာဏ်က အုပ်စိုး၏၊ အသိဉာဏ်ကို ဗဟုသုတက အုပ်စိုး၏၊ ဗဟုသုတကို စာအုပ်စာပေက အုပ်စိုး၏"** ဟု မိန့်ဆိုခဲ့ပေသည်။ စာအုပ်ကို ကောင်းကောင်း ဖတ်တတ်သူသည် စာအုပ်ထဲက ပြဿနာကို ရှာတွေ့နိုင်၏။ စီမံခန့်ခွဲအုပ်ချုပ်သူသည် စာအုပ်ထဲက ပြဿနာကို လွယ်ကူစွာဖြေရှင်းတတ်သည်။

စာကြည့်တိုက်များ၏ အဓိကရည်မှန်းချက်မှာ လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ တချို့ပညာရှင်တို့သည် စာကြည့်တိုက်များကို ပြင်ပကမ္ဘာအား ရှုမျှော်ကြည့်ရာ အလင်းတံခါး ပြတင်းပေါက်များဟု တင်စားခေါ်ဆိုကြ၏။ သမိုင်းအစဉ်အလာအရ စာကြည့်တိုက်သည် ပညာရေးနှင့် ခွဲခြားမရသော ဌာနတစ်ခုအဖြစ် ရပ်တည်ခဲ့ပေသည်။

အမှန်စင်စစ်အားဖြင့် စာကြည့်တိုက်များသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆေးပညာ၊ ဘာသာရေး၊ဝိဇ္ဇာပညာ၊ သိပ္ပံပညာ စသည့်ပညာရပ်အကြောင်းအရာပေါင်းစုံ စုပေါင်းပါဝင်သော ဗဟုသုတဘဏ်တိုက် (ဝါ)ဗဟုသုတဟင်းလေးအိုးကြီးပင်ဖြစ်သည်ဟု ဆိုနိုင်သည်။ ကျေးလက်ပြည်သူတို့ စာများများဖတ်မှသာ အသိအမြင်ပွင့်လင်းပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်၏။

စာကြည့်တိုက်များသည် ပညာရတနာသိုက် (ဝါ)လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနဟုခေါ်ဆိုပါက မှားမည်မထင်ပေ။ ယခုအခါတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ယခုနှစ် ဧပြီ ၁၈ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ပေါင်း ၅၃၅၅၄ တိုက် ဖွင့်လှစ်ပေးခဲ့ပြီးသည်ကို နှစ်သက်အားရဖွယ် တွေ့ရှိရသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စုပေါင်းဝိုင်းဝန်း ထူထောင်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါတော့သည်။ ။

စာကြည့်တိုက်များ၏ အဓိကရည်မှန်းချက်မှာ လူသား စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ တချို့ပညာရှင်တို့ သည် စာကြည့်တိုက် များကိုပြင်ပကမ္ဘာအား ရှုမျှော်ကြည့်ရာ အလင်းတံခါး ပြတင်းပေါက်များဟု တင်စားခေါ်ဆိုကြ၏။ သမိုင်းအစဉ်အလာအရ စာကြည့်တိုက်သည် ပညာရေးနှင့် ခွဲခြားမရသော ဌာနတစ်ခုအဖြစ် ရပ်တည်ခဲ့ပေသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆–၄–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။ မျိုးချစ်တပ်မတော်
၇:၂၀	၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀	၅။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀	၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀	၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း–၂၀)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ **English Usage**
	၂၁။ ဗွီစီဒီကျော်ကြားတေးများ
	၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း–၂၇)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၆–ခုနှစ်၊ ဧပြီလ (၁၈)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၃၅၅၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အင်ဒိုနီးရှားရှိ မီးတောင် ရက်အနည်းငယ်အတွင်း ပေါက်ကွဲနိုင်၊ သတိပေးချက်ထုတ်ပြန်ထား

ဂျကာတာ ဧပြီ ၂၄

အင်ဒိုနီးရှားနိုင်ငံရှိ အသံမြည်ဟည်းလျက်ရှိသော မီးတောင်တစ်ခုမှာ ရက်အနည်းငယ်အတွင်း ပေါက်ကွဲနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသဖြင့် မီးတောင်အနီး နေထိုင်သူ လူ ၆၀၀ ကျော်ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ သို့သော် အချို့က ပြောင်းရွှေ့ရန် ငြင်းဆန်နေကြကြောင်း တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

ဘေးကင်းရာသို့ ပြောင်းရွှေ့ခံရသူများအနက် အများစုမှာ အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများဖြစ်ကြသည်။ သို့သော် ရာချီရှိသည့်ဒေသခံပြည်သူများမှာ ဂျာဗားကျွန်းပေါ်ရှိ မီရာပီတောင် ဆင်ခြေလျှောများတွင် နေထိုင်လျက်ရှိနေကြဆဲဖြစ်သည်။

အဆိုပါ မီးတောင်မှာ ရှေးဟောင်း ယိုဂယာကာတာမြို့၏ အပေါ်စီးတွင်ရှိပြီးတအုန်းအုန်းမြည်ဟည်းကာ မီးခိုးများ မှုတ်ထုတ်လျက်ရှိသည်မှာ ရက်သတ္တတစ်ပတ်နီးပါးမျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ဒေသခံပြည်သူဦးရေ ၆၃၀ နီးပါးကို ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း ရွှေ့ပြောင်းနေရာချထားပေးရေးစခန်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ အီဒီပူရဝန်တူက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နယ်စပ်တစ်လျှောက်တွင် ကင်းလှည့်နေသော ပါကစ္စတန်တပ်ဖွဲ့ဝင်များကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



တရုတ်တွင်ဒိုင်နိုဆောမျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိ

ချန်ချွန်း ဧပြီ ၂၄

တရုတ်ရှေးဟောင်းပစ္စည်း တူးဖော်လေ့လာရေးပညာရှင်များက တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင် ပြည်နယ်၏မြို့တော် ချန်ချွန်းတွင် ဒိုင်နိုဆောမျိုးစိတ်သစ်တစ်ခု တူးဖော်တွေ့ရှိထားပြီး ယင်းကို ချန်ချွန်းဆောရပ်စ်ဟု အမည်ပေးထားသည်။ လွန်ခဲ့သည့်သုံးနှစ်က တူးဖော်ရရှိခဲ့သည့် အဆိုပါဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်း၏ ခြေလက်များသည် ငှက်သတ္တဝါ၏ မျိုးစိတ်မျိုးကဲ့သို့ရှိနေကြောင်း၊ ယင်းသတ္တဝါ၏ ထူးခြားသော ဦးခေါင်းခွံသည် အခြားမျိုးစိတ်သတ္တဝါများနှင့်မတူဘဲ အလွယ်တကူခွဲခြားနိုင်သည်ဟုကျီလင်တက္ကသိုလ် ပြတိုက်မှူးဖြစ်သူ ဂျင်လီယွန်က ပြောကြားသည်။

အဆိုပါ ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းသည် တစ်မီတာရှည်ပြီး ယင်း၏ မျက်လုံးပေါက်များသည် ၁၁၅ မီလီမီတာရှိ ဦးခေါင်းခွံ၏ သုံးပုံတစ်ပုံခန့်ရှိသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

ဒါကာအထည်ချုပ်စက်ရုံ လျှပ်စစ်မီး မတော်တဆမှုဖြစ်ပွား စုပြုံတိုးဝှေ့ထွက်ပြေးကြသဖြင့် လူ၅၀ ထက်မနည်း ဒဏ်ရာရရှိ

ဒါကာ ဧပြီ ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ အထည်ချုပ်စက်ရုံတွင် လျှပ်စစ်မီး မတော်တဆမှုဖြစ်ပွားရာ မီးလောင်မည်ကို ကြောက်ရွံ့ပြီး စုပြုံထွက်ပြေးကြသဖြင့် ဝရန်းသုန်းကား တိုးမိကြရာမှ လူ ၅၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သည်ဒေးလီးစတားသတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ဒါကာမြို့ ဆင်ခြေဖုံးဒေသဖြစ်သည့် ဂျာထရာအာရီဒေသရှိ ဆူဖီယာဇာဈေးကြီး၏ ခုနစ်ထပ်တွင် စနေနေ့ ညနေ ၃ နာရီခွဲက လျှပ်စစ်မီး မတော်တဆ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စက်ရုံအတွင်း ပေါက်ကွဲသံကြားရပြီး မီးဟု နောက်ထပ်ကြားခဲ့ရကြောင်း၊ ထို့ကြောင့် ချက်ချင်းလှေကားဆီသို့ ပြေးခဲ့ကြကြောင်း ထိခိုက်ဒဏ်ရာရသူတစ်ဦးက ပြောကြားသည်။

အဆောက်အအုံ၏ ခုနစ်ထပ်မှအော်သံများကြားရပြီး အခြား ငါးလွှာနှင့် ခြောက်လွှာတို့မှ အလုပ်သမားများသည်လည်း လှေကားရှိရာသို့ ဆင်းပြေးခဲ့ကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အခြားဒုတိယနှင့် စတုတ္ထအထပ်များရှိ ဆွယ်တာအင်္ကျီစက်ရုံမှ ဝန်ထမ်းများလည်း ဆင်းပြေးလာရာမှ လမ်းတွင် လူများပိတ်ဆို့ကာ စုပြုံတိုးဝှေ့ခဲ့ကြသည့်အတွက်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကမ္ဘောဒီးယားတွင် မြေမြှုပ်မိုင်းပေါက်ကွဲ လူ ၁၀ ဦးထက်မနည်းသေဆုံး

ဖနောင်ပင် ဧပြီ ၂၄

ကမ္ဘောဒီးယားနိုင်ငံသားများ စီးနင်းလာသည့် လယ်ထွန်စက်က မြေမြှုပ်မိုင်း တစ်ခုကို သောကြာနေ့တွင် တက်နင်းမိသဖြင့် လူ ၁၀ ဦး ထက်မနည်း သေဆုံးသွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စနေနေ့တွင် ပြောကြားသည်။

အော့ဒါမီကန်ချေ ပြည်နယ်တွင် ဖော်ပြပါဖြစ်ရပ်သောကြာနေ့တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမျိုးသား ၁၀ ဦးစီးနင်းလာသည့် လယ်ထွန်စက်သည် ပလပ်ထားသည့် စပါးစိုက်ခင်းဟောင်းနေရာသို့ မောင်းနှင်လာစဉ် မြေမြှုပ်မိုင်းတက်နင်းမိခဲ့ခြင်းဖြစ်သည်။ စွန့်ပစ်ထားခဲ့သည့် အဆိုပါလယ်ကွင်းတွင် စပါးပြန်လည်စိုက်ပျိုးရန် လာရောက်ကြခြင်း ဖြစ်သည်ဟု ပြည်နယ်ပြန်ကြားရေး တာဝန်ရှိပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

ပြင်းထန်သည့်မြေမြှုပ်မိုင်း တက်နင်းမိခဲ့သဖြင့် ၎င်းလူများ ချက်ချင်းသေဆုံးပြီး အလောင်းများမှာ မည်သူမည်ဝါဟု မခွဲခြားနိုင်အောင် ဖြစ်ရကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်ကာကွယ်ရေးဌာနအနီး စိန်ပြောင်းကျည် ပေါက်ကွဲ အရပ်သား ငါးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်ကာကွယ်ရေးဝန်ကြီးဌာနအနီး စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲသဖြင့် လူငါးဦး တနင်္ဂနွေနေ့က သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းပစ်ခတ်မှုကြောင့် အရပ်သား ငါးဦး သေဆုံးသွားခဲ့ပြီး အခြားလူသုံးဦး ထိခိုက်ဒဏ်ရာရ ရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ကျရောက်

ကက်ယူရှာ စိန်ပြောင်းကျည် သုံးခုလည်း ဘဂ္ဂဒက် ဘောလုံးကွင်းအနီး ကျရောက်ခဲ့ကြောင်း၊ သို့ရာတွင် လူထိခိုက်သေဆုံးမှုမရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဖယ်ရှား

အီရတ်နိုင်ငံတွင် လူမျိုးစုငယ် အချင်းချင်း တိုက်ခိုက်နေမှု ဖယ်ရှားရန် အီရတ်သမ္မတက ရှီးယိုက် နိုင်ငံရေးသမား ဂျော်ဝက်အယ်လ်-မာလီကီသို့ တိုက်တွန်းနှိုးဆော်ခဲ့ပြီး နောက်တစ်ရက်တွင် ယင်းတိုက်ခိုက်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဒိန်းမတ်နိုင်ငံ အနောက်မြောက်ပိုင်း အဝေးပြေးလမ်းတွင် တံတားပြိုကျမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဧပြီ ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီဂျစ်နိုင်ငံ ဂီဇာပိရမစ်ကြီးများအနီးတွင် ကမ္ဘာလှည့်ခရီးသွားများ လှည့်လည်ကြည့်ရှုနေကြသည်ကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကို၌ ပစ်ခတ်မှုဖြစ်ပွား ကင်းလှည့်နေသည့် ရဲတစ်ဦးသေဆုံး

မက္ကဆီကိုစီးတီး ဧပြီ ၂၄

မက္ကဆီကိုနိုင်ငံတောင်ပိုင်း၌ ဧပြီ ၂၂ ရက်တွင် ရဲအရာရှိတစ်ဦး၏ ကားကို သေနတ်သမားများက သေနတ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း၊ ဂူရီရိုပြည်နယ်တွင် မငြိမ်မသက်မှုပိုမိုဖြစ်ပွားလျက်ရှိပြီး ထိုအဖြစ်အပျက်သည် နောက်ဆုံးရရှိသော သွေးထွက်သံယိုမှုသတင်းတစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ရဲအရာရှိ ဖီဒယ်လ်အာရပ်လာနိသည် ဆီဒက်ဒ်အလ်တာမီရာနိုမြို့၌ နံနက်အစောပိုင်းတွင် ကားဖြင့် ကင်းလှည့်နေစဉ် ပစ်သတ်ခံခဲ့ရခြင်း ဖြစ်သည်။ အခြားသော ရဲအရာရှိတစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။ ကားနှစ်စီးပေါ်မှ သေနတ်သမားများသည် အဆိုပါ ကင်းလှည့်ယာဉ်ကို သေနတ်အချက် ၃၀ ကျော်ပစ်ခတ်ခဲ့ကြောင်း ဂူရီရိုပြည်နယ် အစိုးရပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရောမမြို့တော် ကော်လာဆယ် အားကစားရုံဟောင်းကြီး အနီးတွင် ကျင်းပသည့် ရောမမြို့ တည်ထောင်သည့် အခမ်းအနား၌ ပါဝင် သရုပ်ပြသူတစ်ဦးကို ဧပြီ ၂၃ ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ရေနံတင်ပို့မှု ရပ်ဆိုင်းမည်မဟုတ် အီရန် ရေနံဝန်ကြီးပြောကြား

ဒိုဟာ ဧပြီ ၂၄

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပွားနေသည့် အနောက်အုပ်စုနိုင်ငံသို့ ရေနံတင်ပို့မှုကို ရပ်ဆိုင်းမည်မဟုတ်ကြောင်း အီရန် ရေနံဝန်ကြီး ကာဇင်ဗာဇီရီက ရိုက်တာသတင်းဌာနသို့ စနေနေ့တွင် ပြောကြားသည်။

ရပ်ဆိုင်းမည်မဟုတ်

အီရန်ကတင်ပို့သည့်ရေနံဈေးနှုန်းသည် တစ်ပီပါလျှင် အမေရိကန်ဒေါ်လာ ၇၅ ဒေါ်လာခိုင်နှုန်းအထိ မြင့်မားလာဖွယ်ရှိသည်ဟု စိုးရိမ်မကင်းဖြစ်လျက်ရှိရာ အငြင်းပွားမှု ပြဿနာအတွင်း အီရန်က တင်ပို့မည့် ရေနံကို ရပ်ဆိုင်းနိုင်ဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်နေသည်။ ရေနံတင်ပို့မှုအပေါ် အရေးယူကန့်သတ်မှု ပြုလုပ်စရာအကြောင်းမရှိကြောင်း၊ ထို့အပြင် မည်သည့်နည်းနှင့်မျှ ရေနံတင်ပို့မှု ရပ်ဆိုင်းမည်မဟုတ်ဟု အီရန်ရေနံဝန်ကြီးက ပြောကြားသည်။

ရှစ်နှစ်ကြာ စစ်ပွဲဖြစ်ပွားနေစဉ်အတွင်း အီရတ်က အီရန်အပေါ် အရေးယူကန့်သတ်မှု ပြုလုပ်ခဲ့သော်လည်း မိမိတို့က ရေနံတင်ပို့မှုရပ်ဆိုင်းမှုမရှိခဲ့ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။ အီရန်က ၎င်း၏ရေနံစိမ်းများကို အရှေ့အလယ်ပိုင်းဒေသသို့ ပို့နေပြီး ရေနံအများစုကို ပြင်သစ်၊ အီတလီ၊ စပိန်၊ ဂရိနှင့်တူရကီနိုင်ငံများသို့ တင်ပို့ပေးလျက်ရှိသည်။

မိမိတို့ ဖောက်သည်နိုင်ငံများအားလုံးဆီသို့ ရေနံတင်ပို့ပေးမည့်တာဝန်ကို မိမိတို့ ဆက်လက်ဖြည့်ဆည်းပေးမည်ဟု ဗာဇီရီက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ကုန်းနှင့်ရေပြင်မှ ပစ်ခတ်နိုင်သည့်ဒုံးကျည် ရုရှားအောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

မော်စကို ဧပြီ ၂၄

ကေ ၆၅ အမ် – အာရ် ဒုံးကျည်ကို ဧပြီ ၂၂ ရက်တွင် ရုရှားနိုင်ငံက အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ တပ်မဟာဒုံးကျည်တပ်ဖွဲ့မှ တပ်မှူးက ပြောကြားသည်။

အာစထရာခ်ဟန်ဒေသ တောင်ပိုင်းတာလူစတင်ရာ၌ မော်စကိုစံတော်ချိန် ၁၉ နာရီ မိနစ် ၄၀တွင်အဆိုပါဒုံးကျည်ကို တပ်မဟာဒုံးကျည်အဖွဲ့က မြေပြင်မှ စမ်းသပ်ပစ်လွှတ်ရာ အောင်မြင်ခဲ့ကြောင်း တပ်မှူး နီကိုလိုင်ဆိုလော့ဗ်ဆိုဗ်က ပြောကြားခဲ့သည်။ ကုန်းနှင့်ရေပြင်မှ ပစ်ခတ်နိုင်သည့် ဒုံးကျည်အဖြစ် စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး ဒုံးကျည်ကာကွယ်ရေး လုပ်ငန်းတွင် အဓိက ဖွံ့ဖြိုးတိုးတက်မှု တစ်ရပ်ပင်ဖြစ်ကြောင်း ဆိုလော့ဗ်ဆိုဗ်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ချဒ်ဒုက္ခသည်များအတွက် ကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်လာသည့် လစ်ဗျား ကယ်ဆယ်ရေး လေယာဉ် ကင်မရွန်းနိုင်ငံ ကော်ဆီရီမြို့အနီးတွင် ပျက်ကျနေသည်ကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်သို့ အီသီယိုးပီးယားမှ ပို့ကုန်တင်ပို့မှု ကိုးလအတွင်း ဒေါ်လာ ၁၂၃ သန်းဖိုးရှိ

အဒစ္စအဘာဘာ ဧပြီ ၂၄

တရုတ်နိုင်ငံသည် ယခုနှစ်တွင် အီသီယိုးပီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့ရာ အဓိကဒေသတစ်ခုဖြစ်လာကြောင်း အီသီယိုးပီးယားနိုင်ငံက စနေနေ့တွင် ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံက ၂၀၀၅ ခုနှစ် ဇူလိုင်လမှ ၂၀၀၆ ခုနှစ် မတ်လအထိ အမေရိကန်ဒေါ်လာ ၁၂၃ သန်းတန်ဖိုးရှိ စိုက်ပျိုးရေးထွက်ကုန် ၁၇၅၀၀၀ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း အီသီယိုးပီးယား အကောက်ခွန်ဌာနမှ အဆင့်မြင့် တာဝန်ရှိသူတစ်ဦးဖြစ်သူ တီကလီဂီဘရီဝေါ့က သတင်းထောက်များကို ပြောကြားသည်။

တရုတ်နိုင်ငံသို့ အီသီယိုးပီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ ၂၀၀၅ ခုနှစ် ဇူလိုင်လမတိုင်မီကာလက နိမ့်ကျခဲ့ကြောင်း၊ အာဖရိက ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အကောက်ခွန်မဲ့ သတ်မှတ်ကြောင်း တရုတ်နိုင်ငံ၏ ကြေညာချက် ထွက်ပေါ်လာပြီး နောက်ပိုင်းတွင် ပို့ကုန်တင်ပို့မှု မြင့်တက်လာကြောင်း တီကလီက ပြောကြားသည်။

အီသီယိုးပီးယားနှင့် အခြားအာဖရိကနိုင်ငံများ၏ ထုတ်ကုန်ပစ္စည်း ၁၈၇ မျိုး တင်ပို့မှုကို တရုတ်နိုင်ငံက ၂၀၀၅ ခုနှစ်မှစ၍ အကောက်ခွန်မဲ့ အခွင့်အရေး ခွင့်ပြုခဲ့သည်။

၂၀၀၅ ခုနှစ် ဇူလိုင်လမှ ၂၀၀၆ ခုနှစ် မတ်အထိ ကိုးလတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၁၂ သန်း တန်ဖိုးရှိ နှမ်းစေ့ ၁၄၂၈၂၅ တန်၊ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄ သန်း တန်ဖိုးရှိ သားရေနှင့် သားရေထည်ပစ္စည်း ၂၈၅၉၄ တန်နှင့် အမေရိကန်ဒေါ်လာ ၂၇၅၈၅၀ တန်ဖိုးရှိ သဘာဝကော်စေး ၃၇၁၂ တန်ကို အီသီယိုးပီးယားနိုင်ငံက တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရှီမေးနီးယား၌ ဒင်ညုမြစ်ရေကြီးမှုကြောင့် ကျိုးပေါက်သည့်တမံများကို ပြင်ဆင်

ဘူခါရက် ဧပြီ ၂၄

ဒင်ညုမြစ်တွင် ဧပြီ ၂၂ ရက်က မြစ်ရေသည် တစ်စက္ကန့်လျှင် ကုဗမီတာ ၁၅၅၀၀ ကျော် စီးဆင်းလျက်ရှိသည်။ အဆိုပါ မြစ်ရေစီးနှုန်းမြန်မှုကြောင့် ကျိုးပေါက်သည့်တမံများ ပြုပြင်ဖာထေးရန် ရှိမေးနီးယားအာဏာပိုင်များက ဆောင်ရွက်လျက်ရှိသည်။

ဇမ်နီစီယာဆိပ်ကမ်းတောင်ပိုင်း၌ မြစ်ရေစီးဆင်းမှုနှုန်းသည် တစ်စက္ကန့်လျှင် ၁၆၆၀၀ ကုဗမီတာအထိ ရောက်ရှိခဲ့သည်။ ရှိမေးနီးယားနိုင်ငံ ဒင်ညုမြစ်တစ်လျှောက်ရှိဒေသများတွင် စိုးရိမ်ရေမှတ်အထက် တစ်မီတာသို့ ရောက်ရှိခဲ့ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နေတိုးနှင့်အီးယူတို့သို့ အာမေးနီးယားနိုင်ငံ ဝင်ရောက်မည်မဟုတ်ဟုဆို

မော်စကို ဧပြီ ၂၅

အာမေးနီးယားနိုင်ငံသည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)နှင့် ဥရောပသမဂ္ဂ(အီးယူ)တို့သို့ ဝင်ရောက်မည်မဟုတ်ကြောင်း အာမေးနီးယား သမ္မတ ရောဘတ်ကိုချာယန်က ဒေသဆိုင်ရာသတင်းစာ “ရိုလော့စ်အာမီနီ” ၏ တွေ့ဆုံမေးမြန်းခန်းတွင် တနင်္လာနေ့က ပြောကြားသည်။

စုပေါင်းလုံခြုံရေး စာချုပ်အဖွဲ့ (စီအက်စ်တီအို)သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့မှုနှင့် ရုရှားနိုင်ငံနှင့် အဆင့်မြင့်စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အာမေးနီးယားနိုင်ငံ၏ လုံခြုံရေးကို လုံလောက်သည့် အတိုင်းအတာအထိ အာမခံဖြေရှင်းနိုင်မည်ဟု ကိုချာယန်က ဆက်လက်ပြောကြားသည်။

အာမေးနီးယားနိုင်ငံသည် နေတိုး၏ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် ဆက်သွယ်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ပိုင်းဒေသတွင် ကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ မော်တော်ယာဉ်သည် နံနက် ၁၁ နာရီခွဲတွင် လမ်းဘေးဗုံး တက်နင်းမိခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့သည်ဟု အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသော်လည်း အသေးစိတ် သတင်းဖော်ပြခြင်းမရှိပေ။

ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းဒေသ အခြားနေရာနှစ်ခုတွင်လည်း စနေနေ့က လမ်းဘေးဗုံး ပေါက်ကွဲခဲ့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့သည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ပြီးနောက် အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၃၉၁ ဦးထက် မနည်းရှိပြီဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

လန်ဒန် တိရစ္ဆာန်ရုံတွင် ပေါက်ဖွားသော အီးမူးသားပေါက်ကလေးတစ်ကောင်နှင့် အီးမူးဥများကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးပြီး တစ်မြို့နယ်လျှင်တစ်ရွာ စံပြစိုက်ခင်းထားရှိရန်မှာကြား

ရန်ကုန် ဧပြီ ၂၅

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဧပြီ ၂၂ရက် နံနက် ၈နာရီတွင် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ် (၁)၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ရှေ့နေချုပ်ရုံးခွဲ(မန္တလေး) ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ အထက်မြန်မာပြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ မန္တလေးခရိုင် ငါးမြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ စုစုပေါင်းအင်အား ၃၅၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌတိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း တို့က သတ်မှတ်နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးပြီးနောက် တက်ရောက်ကြသူများက မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)အတွင်း မြေဧက ၂၅ ဧကေ၌ခြံစည်းရိုးကြက်ဆူပင် သုံးသောင်းကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို တစ်မြို့နယ်လျှင် တစ်ရွာ စံပြကြက်ဆူစိုက်ခင်း စိုက်ပျိုးထားရှိရေး ဆောင်ရွက်ရန်နှင့် ၂၀၀၇–၂၀၀၈ ခုနှစ် စိုက်ပျိုးရန်အတွက် ပျိုးပင်များ ကြိုတင်စုဆောင်းရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီသည် ၂၀၀၆–၂၀၀၇ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန်ဧက ၁၀၀လျာထားရာ ယင်းနေ့စုပေါင်း စိုက်ပျိုးမှု ၂၅ဧက အပါအဝင် စုစုပေါင်း ၇၅ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ကျန်ရှိသော ၂၅ဧက စိုက်ပျိုးရန် ပျိုးပင်များ စုဆောင်းပြီးဖြစ်၍ ဆက်လက်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေး–ပြင်ဦးလွင်လမ်းမှ ရေတံခွန်တောင်အဝင် လမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ ဆည်တော်ကြီး ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာအုပ်စု ကွင်းအမှတ် (၅၄၃/က) သို့ ရောက်ရှိကြသည်။

တိုင်းမှူးနှင့်အဖွဲ့သည် ကွင်းအမှတ် (၅၄၃/က)၌ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ စိုက်ပျိုးထားရှိသော မနောသုခနွေစပါး ၃၇ ဒသမ ၅၅ဧက၌ စပါးပင်များဖြစ်ထွန်းမှု၊ ဓာတ်မြေဩဇာ ပက်ဖျန်း၍ ပေါင်းလိုက်တမန်းနှိုးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားသီးနှံများ အထွက်နှုန်း တိုးစေရန်အတွက် ဓာတ်မြေဩဇာများ သတ်မှတ်နှုန်းထားများအတိုင်း အသုံးပြုရေးနှင့် ပိုးသတ်ဆေးများ စနစ်တကျ ပက်ဖျန်းပေးရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် သမ္မတောကျေးရွာအုပ်စုရှိ မန္တလေးခရိုင် ရဲတပ်ဖွဲ့၏ နွေစပါးစိုက်ကွင်း ခုနစ်ဧက၌ မနောသုခစပါးမျိုးများ စိုက်ပျိုးထားရှိမှုနှင့် သီးနှံများဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ပုပ္ပားစကားဝါမြေဆရာတော်၏ နှစ်ဦးတရားပွဲ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်၏ နာယက စာချသာသနာပြု နယ်လှည့် ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရွှေပြည်သာမြို့နယ် (တ/၁၅) ရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံ၊ ဧပြီ ၃၀ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်(က)ရပ်ကွက် မယုလမ်းမိသားစု၏ ဓမ္မသဘင်၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် သာကေတမြို့နယ် ရန်ပြေ(၃)ရပ်ကွက် မာဃဆွမ်းလောင်းအသင်းဓမ္မာရုံနှင့် မေ၁၃ ရက်တွင် တိုက်ကြီးမြို့နယ် စပါးကိုင်းကျေးရွာ ရဟန်းခံပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (က–ပ)

ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ကျောင်း နွေရာသီသင်တန်းနှင့် ယဉ်ကျေးမှုသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နွေရာသီယဉ်ကျေးမှုသင်တန်းနှင့် နဝမတန်း၊ ဒသမတန်း သင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ ရက်က အဆိုပါဘုန်းတော်ကြီးသင် ပညာရေးကျောင်း မဟာဓမ္မသုခဗိမာန်တော် အပေါ်ထပ်၌ ကျင်းပရာ ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရက ဩဝါဒချီးမြှင့်ပြီး တာဝန်ခံဆရာတော် ဦးဉာဏိဿရက သင်တန်းစည်းကမ်းများ ရှင်းလင်းပြောကြားကာကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ကြည်က ကျောင်းသား ကျောင်းသူများကိုဆုံးမစကားပြောကြားပြီး အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းသည်။

ထို့နောက် နဝမတန်းနှင့် ဒသမတန်းတက်ရောက်သည့် ကျောင်းသားကျောင်းသူ ၁၇၁ ဦးအား ငွေကျပ် ၉၄၀၅၀တန်ဖိုးရှိ စာရေးကိရိယာများကို ပန်းတစ်ပွင့်တောင်ဆရာတော်က အခမဲ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းရှိသံဃာများအတွက်အရုဏ်ဆွမ်းတစ်နပ် ကျပ် ၆၀၀၀၀၊ နေ့ဆွမ်းတစ်နပ် ကျပ် ၁၅၀၀၀၀၊ ကျောင်းသားများ ညစာတစ်နပ် ကျပ် ၅၀၀၀၀ နှင့် စာရေးကိရိယာများလှူဒါန်းလိုပါက ဒေါ်တင်တင်ဝင်း ဖုန်း–၆၄၀၁၈၁၊ ဦးကျော်ဝင်း ဖုန်း–၆၄၂၆၂၅၊ ဦးအောင် မျိုး ဖုန်း–၀၉၅၀–၁၅၅၂၀၊ ၀၉၅၁–၂၅၅၂၀ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၁)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ (၆)ရပ်ကွက် ဓမ္မာရုံတွင် ဧပြီ ၂၂ ရက်မှစ၍ ဖွင့်လှစ်လျက်ရှိသော အသုံးလုံးကျေသင်တန်းနှင့်စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ဖွင့်လှစ်သင်ကြားနေမှုများအား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့်အဖွဲ့ ကြည့်ရှုအားပေးပြီး အခြေခံ စာတတ်မြောက်ရေး စာစဉ်များကို ခရိုင်မိခင်နှင့်ကလေး ကြီးကြပ်ရေး အဖွဲ့–အဖွဲ့ဝင် ခရိုင်ပညာရေးမှူးက ပေးအပ်စဉ်။ (မိခင်နှင့်ကလေး)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြက်ဆူပင် ပျိုးထောင်မှုကြည့်ရှုစစ်ဆေး

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မုံရွာမြို့ ခြံစည်းရိုးကြက်ဆူ ပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးစဉ်။ (သစ်တောရေးရာ)

ရန်ကုန် ဧပြီ ၂၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၂ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာရုံးသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မွန်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းတင်က ကြက်ဆူပင်မျိုးပွားနည်း သုတေသနပြုလုပ်ထားရှိမှု၊ အခွန်ငွေကောက်ခံရရှိမှုနှင့် စိုက်ခင်းလုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မွန်ပြည်နယ် သစ်ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးအေးသန်းက သစ်ထုတ်လမ်းကြောင်းများနှင့် သစ်တိုက်ပြီးစီးမှုများကိုရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အမှတ်(၅) သစ်စက်သို့ရောက်ရှိရာ ဒုတိယအထွေထွေမန်နေဂျာ ဦးအေးသန်းက ရှင်းလင်းတင်ပြရာ ဝန်ကြီးကလိုအပ်သည်များမှာကြားပြီး ခွဲစိတ်ပြီးသစ်ခွဲသားများ၊ သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့ရောက်ရှိရာ သစ်တောဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးအောင်မြင်မှုကို လက်တွေ့သရုပ်ပြသသည်။ ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများက မျိုးစေ့နှင့် ကိုင်းတက်များကို ပျိုးထောင်ပေးကြပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

ဝန်ကြီးသည်ညနေပိုင်းတွင်သစ်ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာရုံး၌ သစ်တောရေးရာဝန်ကြီးဌာနမှဝန်ထမ်းများအား သစ်တောရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ တရားမဝင် သစ်တားဆီးကာကွယ်ရေး၊ လာဘ်ပေးလာဘ်ယူ မပြုလုပ်ရေး၊ တာဝန်ကျေပွန်စွာ ဆောင်ရွက်ရေး၊ နိုင်ငံတော်အပေါ် သစ္စာရှိရေးကိစ္စတို့ကို ရှင်းလင်းပြောကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၂၃ရက်တွင် ကော့ကရိတ်မြို့ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးသို့ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက ကြိုးဝိုင်းများအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် ဧပြီ ၂၄ရက်နံနက်ပိုင်းတွင် နယ်မြေခံတပ်မမှူးနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့သည် ဘားအံမြို့ ကြက်ဆူပျိုးဥယျာဉ်သို့ရောက်ရှိ၍ ကြက်ဆူပင် ငါးသိန်း ပျိုးထောင်ပေးပြီး ဌာနအလိုက်လုပ်ငန်း ဆောင်ရွက်နေခြင်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘားအံမြို့ ကရင်ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး သစ်တောရေးရာဝန်ကြီးဌာနအတွင်းမှ ဝန်ထမ်းများအားအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သထုံမြို့သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိရုံးသို့ ရောက်ရှိရာ မြို့နယ်ဦးစီးအရာရှိ ဦးသန်းစိန်က ကြိုးဝိုင်းများ၊ စိုက်ခင်းများနှင့် သစ်တောလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူး ဦးသောင်းတင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝန်ကြီးက မြို့နယ်အတွင်းရှိ ဝန်ထမ်းများအားလိုအပ်သည်များမှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့ ဒွေးကုမ္ပဏီသစ်ဆိပ်နှင့် ရဲထွန်းကုမ္ပဏီ သစ်ဆိပ်သို့ ရောက်ရှိပြီး သစ်ရောက်ရှိမှု အခြေအနေကိုကြည့်ရှုသည်။ ထို့နောက် ရှင်းလင်းဆောင်၌ ဒေသသစ်ထုတ်ရေး လက်ထောက်အထွေထွေမန်နေဂျာ ဦးရှိန်ဟန်က သစ်ဆိပ်ရှိသစ်များနှင့် သစ်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးကလိုအပ်သည်များ မှာကြားခဲ့သည်။ (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ်
ဆင်ခြင်သတိ အမြဲရှိ

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၂)သင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂)သင်တန်းဖွင့်ပွဲ ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၅

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၂) သင်တန်းအမှတ်စဉ် (၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့တွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။

အထူးလေ့ကျင့်ပျိုးထောင်

ဝန်ကြီးက သင်တန်းသားများသည် စိတ်ဓာတ်နှင့်ခံယူချက်အပိုင်း၊ ဥပဒေ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှုပိုင်း၊ လုပ်ငန်းဆိုင်ရာ အတတ်ပညာပိုင်းနှင့် ကျင့်ဝတ်သိက္ခာ စောင့်စည်းမှုအပိုင်းများတွင် ပြည့်ဝကြရန်နှင့် မိမိကိုယ်ကိုယ် မိမိ ထိန်းကျောင်းကြရန်၊ မိမိလုပ်ငန်းတွင် ကျွမ်းကျင်နှံ့စပ်ရန်၊ ပြည်သူများနှင့် ဆက်ဆံသည့်နေရာတွင် ပြေပြေပြစ်ပြစ် ဆက်ဆံတတ်သည့် အုပ်ချုပ်ရေး ဝန်ထမ်းကောင်းများဖြစ်ရန် အထူး လိုအပ်ကြောင်း၊ မြင့်မြတ်သည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေးများကို ပြည့်ဝခိုင်မာလာအောင် မိမိကိုယ်ကိုယ်မိမိအထူးလေ့ကျင့်ပျိုးထောင်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ရောဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ အမှတ်(၃) စိုက်ပျိုးထုတ်လုပ်မှုစခန်းသို့ ရောက်ရှိပြီး ဝန်ကြီးသည် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော သီးနှံများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့အား စိုက်ပျိုး ထုတ်လုပ်မှု စခန်းရှင်းလင်းဆောင်၌ စခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးညွန့်ဝင်းက စိုက်ပျိုးမွေးမြူထုတ်လုပ်ရေး တိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ငါးမွေးကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စီမံချက်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၅

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့်ကမ္ဘာ့ရန်ပုံငွေအဖွဲ့(GFATM)တို့ ပူးပေါင်းဆောင်ရွက်သည့် စီမံချက်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲ (Staff Orientation Workshop on GF Phase-out Project) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၉နာရီတွင် Grand Plaza Parkroyal Hotel ခန်းမ(၁)၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း ဥက္ကဋ္ဌ ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး သင်တန်းသို့ စီမံချက်လုပ်ငန်း ဆောင်ရွက်နေသည့် မြို့နယ်များဖြစ်သည့် သံဖြူဇရပ်၊ ကျောက်တန်း၊ သန်လျင်၊ မြိတ်နှင့် ကော့သောင်းမြို့နယ်များမှ သင်တန်းသား ၃၇ဦး တက်ရောက်ကာ သင်တန်းကာလမှာ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ ဆွေးနွေးသင်ကြား ပို့ချမည်ဖြစ်သည်။

(သတင်းစဉ်)

သီရိဝေလာစာသင်တိုက် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အောက်ရုံရပ်ကွက် ဇေတဝန်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မာရုံတွင် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၆ရက်အထိ (မေ ၁၁ရက်မှ ၁၇ရက်အထိ) ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သီရိဝေလာစာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ ဣန္ဒာသဘသိရီ (ကံမ)က ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်များဟောကြားပြသမည်ဖြစ်သည်။

တရားစခန်း ဝင်ရောက်ကြမည့် ယောဂီများသည် ဇေတဝန်ကျောင်း ဆရာတော် ဦးဇာနေယျထံ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းက လှည်းကူးမြို့နယ် ဆာဘူးတောင်း ကျေးရွာအုပ်စု နိဗ္ဗာထောကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း အတွက် အလှူငွေ ကျပ် ၁၀သိန်းကို အမှတ် (၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နိဗ္ဗာထောကျေးရွာ မူလတန်းကျောင်းသို့ အလှူငွေများလှူဒါန်း

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းက လှည်းကူးမြို့နယ် ဆာဘူးတောင်းကျေးရွာအုပ်စု နိဗ္ဗာထောကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၏ ဇနီး ဒေါ်သဇင်နွယ်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၏ဇနီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အာဆီယံ နိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A. Gomez က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက နိဗ္ဗာထောကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့ ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူကလက်ခံပြီး အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

အင်တာနက်စွမ်းအင်သတင်း

အင်ဒိုနီးရှားတွင် ဘိုင်အိုဒီဇယ်ဆီ ရောင်းချပေးမည်

ဂျကာတာ ဧပြီ ၂၅

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံပိုင် ရေနံကုမ္ပဏီ ပါတာမီနာ(ပီတီ)သည် လာမည့်မေလမှစ၍ ဘိုင်အိုဒီဇယ်ဆီများကို အများသုံးဆိုင်များတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဒေသသတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဘိုင်အိုဒီဇယ်မှာ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို သက်သာစေသည့် လောင်စာအမျိုးအစားဖြစ်သည်။ ပါတာမီနာကုမ္ပဏီသည် ဈေးကွက်တင်ရောင်းချရာ၌ ဘိုင်အိုဒီဇယ်ဆီကို နှစ်တန်းနှစ်စားခွဲခြား၍ ရောင်းချသွားမည်ဖြစ်သည်။ တစ်မျိုးမှာ ဘီ-၁၀ (B-10) အမျိုးအစားဖြစ်ပြီး ဒုတိယတစ်မျိုးမှာ ဘီ-၅ (B-5) အမျိုးအစားဖြစ်သည်ဟု ဂျကာတာပို့စ် သတင်းစာက ရေးသားခဲ့သည်။

ထိုသို့ ဘိုင်အိုဒီဇယ် ရောင်းချပေးခြင်းမှာ ရုပ်ကြွင်းလောင်စာအသုံးကို လျှော့ချလိုသော ရည်ရွယ်ချက်ဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

ဘိုင်အိုဒီဇယ်ထုတ်ယူရရှိနိုင်သည့် ဆီအုန်းပင်များ။

ဘီ-၁၀ မှာ ဘိုင်အိုဒီဇယ်ဆီ ၁၀ ရာခိုင်နှုန်းနှင့် သမားရိုးကျဒီဇယ်ဆီ ၉၀ ရာခိုင်နှုန်း ပါဝင်သော ဆီအမျိုးအစားဖြစ်သည်။ ဘီ-၅ မှာမူ ဘိုင်အိုဒီဇယ်ဆီ ၅ ရာခိုင်နှုန်းနှင့် ရိုးရိုးဒီဇယ်ဆီ ၉၅ ရာခိုင်နှုန်းတို့ ပါဝင်သောဆီဖြစ်ကြောင်း သိရသည်။

ပထမအမျိုးအစား၏ ဈေးနှုန်းမှာ တစ်ယူနစ်လျှင် ၄ ဒသမ ၈ ရူပြားဖြစ်ပြီး ဒုတိယအမျိုးအစားမှာ တစ်ယူနစ်လျှင် ၅ ရူပြားဈေးနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ပါတာမီနာကုမ္ပဏီသည် ဘိုင်အိုဒီဇယ်ဆီများကို နည်းပညာအကဲဖြတ်ရေးနှင့် လက်တွေ့အသုံးချရေးအေဂျင်စီ (ဘီပီပီတီ)ထံမှ ဝယ်ယူရရှိမည်ဖြစ်သည်။ ထိုအေဂျင်စီအဖွဲ့သည် ဆီအုန်းဆီများကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး ဘိုင်အိုဒီဇယ်ကို ထုတ်လုပ်သွားမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ငွေကျပ် ၁၀၀တန်ထီဖွင့်ပွဲ မေ ၁ရက်တွင်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

၂၀၀၆ခုနှစ် မေ ၁ရက် (တနင်္လာနေ့)တွင် (၂၀၈)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှစတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့်အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၃၁ ဆု၊ ငွေကျပ် ၁၀သိန်း ၄၆၄ဆု၊ ငွေကျပ် ငါးသိန်း ၂၀ဆု၊ ငွေကျပ် လေးသိန်း ၂၅ဆု၊ ငွေကျပ်နှစ်သိန်း ၁၈၅ ဆု၊ ငွေကျပ်တစ်သိန်း ၁၄၄၀ဆု၊ ငွေကျပ်ရှစ်သောင်း ၆၃ဆု၊ ငွေကျပ်လေးသောင်း ၁၀၀ဆု၊ ငွေကျပ်နှစ်သောင်း ၁၄၉၃၄ ဆု စုစုပေါင်း ၁၇၂၆၉ ဆု ဖြစ်သည်။

ယခု(၂၀၈)ကြိမ်မြောက် ငွေကျပ်(၁၀၀)တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မေ ၈ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေငါးသိန်းနှင့်အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ရုံးများ၌ လျှောက်ထားတင်ပြပြီးလာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာထားသည်။

(သတင်းစဉ်)

ခါတ်ဆီဖြည့်မှု သတိပြု

ပူပြင်းခြောက်သွေ့သော နွေရာသီကာလ နေ့လယ်ပိုင်းတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ် ထည့်စဉ် ပွတ်တိုက်မှုနှင့် သဘာဝတည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန် ဓာတ်ဆီထည့်ခြင်းမှ သတိပြုရှောင်ကြဉ်ကြပါရန် မီးသတ်ဦးစီးဌာနမှ နှိုးဆော်အပ်ပါသည်။

ကျေးလက်ဖွံ့ဖြိုးရေး၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးအရှိန်မြှင့် ခြံစည်းရိုးကြက်ဆူပင် မိုးဦးကျ၌ စိုက်ပျိုးနိုင်ရန်ပျိုးထောင်၊ မြေပြုပြင်ခြင်းလုပ်ငန်း ကြိုတင်ပြင်ဆင်

ရန်ကုန် ဧပြီ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၂၁ရက် နံနက် ၁၁နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့သို့ရောက်ရှိပြီး တိုင်းအသင်းရုံး၌ တိုင်းအသင်း၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကလေး၊ ကသာ၊ တမူး၊ မော်လိုက်ခရိုင်အသင်းများ၊ မြို့နယ်အသင်းများမှ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အမှုဆောင်များအား တွေ့ဆုံ၍ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် စံနမူနာပြ ခေါင်းဆောင်ကောင်းများဖြစ်အောင် ပြုစုပျိုးထောင်နေထိုင်သွားကြရေး၊ နွေရာသီ လူငယ်သင်တန်းများကို စီမံချက်ပါအတိုင်း ဒုတိယအကြိမ်ဆက်လက် ဖွင့်လှစ်သွားရေး၊ မြို့နယ်များအလိုက် သွေးလှူရှင်များအသင်းဖွဲ့စည်းပြီး သွေးလိုအပ်သော လူနာများအားထိထိရောက်ရောက် အကူအညီပေးသွားကြရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက် စာကြည့်တိုက်ဖွင့် လှစ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရေး၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ရေးနှင့် မိုးဦးကျဇူလိုင်၊ ဩဂုတ်လများတွင် စိုက်ပျိုးနိုင်ရန်အတွက် ပျိုးထောင်ခြင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရေးမှာကြားသည်။

လှည့်လည်ကြည့်ရှု

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၂ရက် နံနက် ၉ နာရီတွင် ကနီမြို့နယ် ဝင်းမနားကျေးရွာသို့ ရောက်ရှိကြပြီး ဝင်းမနားတွဲဖက်အထက်တန်းကျောင်း နဝဒေးကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အားပေးကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ အဆိုပါ နဝဒေးကျောင်းဆောင်သစ်မှာ အလျားပေ ၁၅၀၊ အနံပေ ၃၀ရှိ တစ်ထပ်အုတ်ညှပ်သွပ်မိုး အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မှခွင့်ပြုငွေကျပ်သိန်း ၆၀၊ ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် သိန်း ၇၀ စုစုပေါင်းငွေကျပ်သိန်း ၁၃၀ အကုန်အကျခံ ဆောက်လုပ်ထားခြင်း ဖြစ်သည်။

လျှပ်စစ်မီးပေးနိုင်

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့ဝင်များသည် ဝင်းမနားကျေးရွာ ဓိဝတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက် ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ဗဟိုအလုပ်အမှုဆောင်က "ဒို့ကျေးရွာမီးလင်းပြီ" ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ အဆိုပါလျှပ်စစ်ဓာတ်အားပေးစက်ကို ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးမိသားစု လှူဒါန်းငွေကျပ်သိန်း ၅၀၊ ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် ၆ဒသမ ၅သိန်း စုစုပေါင်း ငွေကျပ် ၅၆ဒသမ ၅သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ပြီးလျှပ်စစ်ဓာတ်အား ၁၅ကီလိုဝပ်ထွက်ရှိသဖြင့် ကျေးရွာတွင် နှစ်ပေ မီးချောင်း ၁၅၀၊ ရုပ်မြင်သံကြားစက်ငါးလုံး၊ ဗီဒီယိုရုံ တစ်ရုံတို့ကို ညစဉ် ၆နာရီမှ ၁၀နာရီထိ လျှပ်စစ်မီးပေးနိုင်ပြီဖြစ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ဝင်းမနားကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်ရေး ဆောင်ရွက်နေမှုများ၊ ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးအသွင်ဖြင့်စိုက်ပျိုးသွားရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်ရေးတို့ကိုရှင်းလင်းမှာကြားကာ တိုင်းမှူးကကျောင်းသုံးဗလာစာအုပ်များ၊ ဗဟိုအလုပ်အမှုဆောင်က အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များကိုပေးအပ်လှူဒါန်းကြသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့်တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ကနီမြို့နယ် တပုန်းကျေးရွာသို့သွားရောက်ပြီး ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးမိသားစု လှူဒါန်းငွေကျပ်သိန်း ၅၀ဖြင့် တည်ဆောက်ခဲ့သည့် ဓိဝတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။ အဆိုပါ လျှပ်စစ်ဓာတ်အားပေးစက်သည် လျှပ်စစ်ဓာတ်အား ၁၅ကီလိုဝပ် ထွက်ရှိပြီး ကျေးရွာအတွင်း နှစ်ပေမီးချောင်း ၂၀၀၊ ရုပ်မြင်သံကြား စက်နှစ်လုံး၊ ဗီဒီယိုရုံနှစ်ရုံတို့ကို ညစဉ် ၆နာရီမှ ၁၀နာရီထိ လျှပ်စစ်မီးပေးနိုင်ပြီ ဖြစ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် တပုန်းကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကား ပြောကြားကာ တိုင်းမှူးကကျောင်းသုံးဗလာစာအုပ်များ၊ ဗဟိုအလုပ်အမှုဆောင်က အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များလှူဒါန်းသည်။

ထိုမှတစ်ဆင့်တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာသို့ရောက်ရှိကြပြီး သခွတ္တနယ်ကျေးရွာတိုက်နယ် ဆေးရုံအတွင်း ကျင်းပသည့် လေပြင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ကျောင်းများ ပြုပြင်ရန် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ကာ တိုင်းမှူးက ညောင်ကန်ရွာ အထက်တန်းကျောင်းအတွက်ငွေကျပ် ၁၀ သိန်း၊ သခွတ္တနယ်ကျေးရွာ တွဲဖက်အထက်တန်းကျောင်းအတွက် ငွေ ကျပ် ၁၁သိန်း၊ ဗဟိုအလုပ်အမှုဆောင်က သခွတ္တနယ် တွဲဖက်အထက်တန်းကျောင်းအတွက် ငွေကျပ် သုံးသိန်းနှင့် ညောင်ကန်ရွာ အထက်တန်းကျောင်းအတွက် ငွေကျပ်နှစ်သိန်း၊ မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဝွေးပင်ကျင်းရွာ မူလတန်းကျောင်းအတွက် ငွေကျပ်နှစ်သိန်း၊ သခွတ္တနယ်ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများက သခွတ္တနယ်ကျေးရွာ တွဲဖက် အထက်တန်းကျောင်းအတွက် စုပေါင်းထည့်ဝင်ငွေကျပ် ရှစ်သိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ် စိုင်ပြင်စံပြကျေးရွာ ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်တွင် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးစဉ်။

(အား/ကာ)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး စီးပွားဖြစ် မြန်မာမုန့်အမျိုးမျိုးပြုလုပ်နည်း သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးကြပ်ဖွင့်လှစ်သည့် စီးပွားဖြစ် မြန်မာမုန့်အမျိုးမျိုး ပြုလုပ်နည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက

ဒေါ်မာမာဝေက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ရန်ကုန်အနောက်ပိုင်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေး လုပ်ငန်းအဖွဲ့ တာဝန်ခံ ဒေါ်ခင်လေးနွယ်က သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် သင်တန်းသူများ မြန်မာမုန့်ပြုလုပ်နေပုံတို့ကို လှည့်လည်ကြည့်ရှုကြသည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၅ ရက် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များက သင်တန်းသူများ မြန်မာမုန့်ပြုလုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဖေသန်း ရေဝတီမြစ်ကြောင်းစစ်ဆေး

ရန်ကုန် ဧပြီ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၁၉ရက်တွင် စစ်ကိုင်းတိုင်း၊ ဝါးညှပ်ကမ်းပါးထိမ်းသိမ်းရေးလုပ်ငန်းများကို သွားရောက်စစ်ဆေးပြီး မြစ်ရေမတိုင်းမီ ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းများ အပြီးဆောင်ရွက်သွားကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရေဝတီမြစ်ကြောင်းအတိုင်း ရေယာဉ်ဖြင့် ဆန်တက်ခဲ့ပြီး တပ်ရွာမြစ်ရေတင်စီမံကိန်းသို့ သွားရောက်၍ မိုးကြိုကာလ ရေခေါ်လုပ်ငန်း ဆောင်ရွက်မည့် အစီအမံများကို သွားရောက်စစ်ဆေးသည်။

ဧပြီ၂၀ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြင်းမူမြို့နယ် ရွာသစ်မြစ်ရေတင်စက်နှင့် နတ်စင်ကျောက်ရေကြောင်းကို သွားရောက်၍ ရေကြောင်းအဟန့်အတားဖြစ်စေမည့် ကျောက်ပုံများ ဖယ်ရှားမှုနှင့် ရေကြောင်းထိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

❁ ကျောဖုံးမှ

အစီအစဉ်အရ အခမ်းအနားကို နမောတသ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ပြည်နယ်သာသနာရေးဦးစီးဌာနဦးစီးမှူး ဦးလင်းလင်းအောင်က ဂုဏပဝိသိဋ္ဌပူဇာသဘင် အဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ ကျိုင်းတုံမြို့နယ်၊ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တခေမာစာရထံမှ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဂီတအနုပညာရှင်များက ဂုဏပူဇာ ထုတိသြဘာ မင်္ဂလာရတုပိုဒ်စုံဖြင့် သီဆိုပူဇော်ကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးကိုယ်စား နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိကသြဝါဒကထာ မိန့်ကြားတော်မူသည်။

ယင်းနောက်တိုင်းမှူးနှင့်ဇနီး၊ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်တာဝန်ရှိသူများက ဆရာတော်ကြီးသုံးပါးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခုနစ်ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျိုင်းတုံမြို့ ဓမ္မာဒယပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဝန်ကြီး၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ကြသည်။ (သတင်းစဉ်)

▲ ကျိုက်ထီးရိုးစေတီတော်မှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးစိုးမြင့်အောင်၊ နှစ်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး °° H.E. °°Mr. °°Viset Choopiban တို့က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ထိုင်းနိုင်ငံ Department of Alternative Energy Development and Efficiency မှ ညွှန်ကြားရေးမှူးချုပ် Mrs. Siriporn Sailasuta က စီမံကိန်းနှင့် သက်ဆိုင်သည့် အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ စေတီတော်ဂေါပကအဖွဲ့က လက်ခံသည်။

ယင်းနောက် ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စီမံကိန်းတည်ဆောက်မည့် မြေနေရာသို့ သွားရောက်ကြသည်။

ထို့နောက် ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ၏ ပရိတ်တရားတော်များကို နာကြားကြ၍ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban နှင့် တာဝန်ရှိသူများသည် မင်္ဂလာအချိန်တွင် စီမံကိန်းတည်ဆောက်မည့် မြေနေရာ၌ အုတ်မြစ်ချခြင်း အခမ်းအနားကို ဆောင်ရွက်ပေးကြပြီး အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက ဦးဆောင်၍ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် အခြား စွမ်းအင် ဖွံ့ဖြိုးရေးနှင့် ထိရောက်စွာ အသုံးချရေးဌာန (Department of Alternative Energy Development and Efficiency-DEDE) တို့ ပူးပေါင်းကျင်းပသည့် ရေဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအစီအစဉ်အရ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍနှင့် စွမ်းအင်ချွေတာရေးဆိုင်ရာ ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်ယူပြီး မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီတော်အား မီးပူဇော်သုံးစွဲခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မေ ၂၄ ရက်က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Information Industry ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xudong တို့ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးကြရာ မြန်မာနိုင်ငံ ဆက်သွယ်ရေးစီမံကိန်း ဆောင်ရွက်ရေးဆိုင်ရာ ကန်ထရိုက်စာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Alcatel Shanghai Bell Co.,Ltd. ဒုတိယဥက္ကဋ္ဌ Ms. Niu Yuhong တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

❖ ကျင်ဟိုင်း-တိဘက်မှ

ရထားတွဲအတွင်း၌ ရှိနေမည့် လေထုအခြေအနေသည် မြေပြန့်တွင်သွားနေသော ရထားတစ်စင်းအတွင်းရှိ လေထုအခြေအနေအတိုင်း တည်ရှိနေမည်ဟု ကျင်ဟိုင်း-တိဘက် ရထားလမ်း ဒုတိယမန်နေဂျာ မာဘိုချင်က ပြောကြားသည်။

ထိုမျှသာမက အရေးပေါ် အခြေအနေမျိုး ပေါ်ပေါက်လာပါက အောက်စီဂျင်ဓာတ်ကို အပြည့်အဝ ရရှိနိုင်စေရန် အထောက်အပံ့ပေးသည့် အနေဖြင့် အောက်စီဂျင်ဓာတ်ငွေ့ မျက်နှာဖုံးများကိုလည်း တပ်ဆင်ပေးထားမည့်အကြောင်း မန်နေဂျာမာက ဆက်လက်ပြောကြားသည်။

ထို့အပြင် ရထားပေါ်တွင် ဆရာဝန်နှင့် သူနာပြုတို့ကိုလည်း လိုက်ပါစေမည်ဖြစ်ကြောင်း သိရသည်။

ယင်းရထားလမ်းသည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျင်ဟိုင်းပြည်နယ်၏ မြို့တော်ဇီနင်မှ တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် လာဆာတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည်။ ထိုလမ်းသည် ခရီးအကွာအဝေး ၁၉၅၆ ကီလိုမီတာရှည်လျားသည့် ရထားလမ်းဖြစ်သည်။

ယခု ကျင်ဟိုင်းရထားလမ်း မပြီးစီးမီအချိန်အထိ ပီရူးနိုင်ငံ အင်ဒီးဒ်တောင်တန်းပေါ်မှ ရထားလမ်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးကုန်းမြေပေါ်၌ ဖောက်လုပ်ထားသော ရထားလမ်းဖြစ်ခဲ့သည်။ ကျင်ဟိုင်း-တိဘက်ရထားလမ်းသည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၄၀၀၀ အမြင့်တွင် ဖောက်လုပ်ထားသောလမ်းဖြစ်သည်။ အမြင့်ဆုံးနေရာမှာ ၅၀၇၂ မီတာအထိရှိသည်။ ပီရူးနိုင်ငံ ရထားလမ်းထက် အနည်းဆုံးမီတာနှစ်ရာကျော် ပိုမိုမြင့်မားသည်ဟု ဆိုသည်။ **(အမ်အင်အေ၊ဆင်ဟွာ)**

❍ အာဆီယံဖူဆယ်မှ

အောင်ဇော်မျိုး(ဂိုး) (မြို့တော်စည်ပင်)၊ ကိုကိုအောင်(ဂိုး) (တံခွန်)၊ မျိုးလှိုင်ဝင်း(ဘဏ္ဍာ/အခွန်)၊ မောင်မောင်ဌေး(မြို့တော်စည်ပင်)၊ ထွန်းထွန်းထက်(ဘဏ္ဍာ/အခွန်)၊ တင်မင်းထွန်း (စီးပွား/ကူးသန်း)၊မောင်မောင်မြင့် (ပို့ဆောင်ရေး)၊ တင့်နိုင်ထွန်းသိန်း (မြို့တော်စည်ပင်)၊ ကျော်ဒွန်း(ပို့ဆောင်ရေး)၊စိုးသီဟအောင်(ဆောက်လုပ်ရေး)၊ ခင်မောင်ထွန်း(ဘဏ္ဍာ/အခွန်)နှင့် ကျော်ဇင်ညွန့်(ဆောက်လုပ်ရေး) တို့ ပါဝင်ကြသည်။

အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲသို့ အာဆီယံရှစ်နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ (က)အုပ်စုတွင် လက်ရှိချန်ပီယံထိုင်း၊မြန်မာ၊ဘရူနိုင်း၊ အရှေ့တီမော၊(ခ)အုပ်စုတွင် မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားတို့ပါဝင်ကြသည်။

ပွဲ စဉ်ရေးဆွဲထားမှု အနေအထားအရ မြန်မာအသင်းသည် မေ ၂ ရက်တွင် အရှေ့တီမော၊ မေ ၃ ရက်တွင် ထိုင်း၊ မေ ၄ ရက်တွင် ဘရူနိုင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးအားကစား တိုးတက်မြင့်မားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ကမ္ဘာအနှံ့အပြား၌ ကျွမ်းကျင်စွာ ကစားနေပြီဖြစ်သည့် ဖူဆယ်ကစားနည်းကို ပြည်တွင်း၌ လူသိများ စိတ်ဝင်စားလာပြီး ပြိုင်ပွဲများ ဆက်တိုက် ကျင်းပလာနိုင်ရေး၊ နိုင်ငံတကာ ပြိုင်ပွဲများ၌ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် အထူးအလေးထား ဆောင်ရွက်နေသည်။ ယခု အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲကို ပထမဦးဆုံး ခြေလှမ်းအဖြစ် ဝင်ရောက် ယှဉ်ပြိုင်စေခြင်းဖြင့် မြန်မာ ဖူဆယ်ဘောလုံး ဖွံ့ဖြိုးတိုးတက် အောင်မြင်လာအောင် ကြိုးပမ်းခြင်းဖြစ်သည်။

အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနှင့်ပတ်သက်၍နည်းပြ ဦးအေးမောင်လေးက “အသင်းအနေအထားမှာ အားရစရာကောင်းပါကြောင်း၊ ကြိုးစားမှုရော ကစားအားပါ ကောင်းလာကြောင်း၊ မိမိတို့အသင်းမှာ အခြားပြိုင်ဘက်နိုင်ငံများနှင့်စာလျှင် ကစားသည့်သက်တမ်းရော ပြည်ပအတွေ့အကြုံပါ ကွာ၍ ကျွမ်းကျင်မှုအပိုင်းမှာ အားနည်းနေမည်ဖြစ်ကြောင်း၊သို့သော် မိမိတို့က အနိုင်ရလိုစိတ် ပြင်းပြစွာဖြင့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ဘရူနိုင်းအသင်းပင်လျှင် ထိုင်းအသင်းနီးပါး ကောင်းကြောင်း၊ အရှေ့တီမောအသင်းသည် နိုင်ငံတကာ အတွေ့အကြုံအများကြီးရှိကြောင်း၊ထို့ကြောင့် မိမိတို့က အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေပါကြောင်း၊ အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင်ကြိုးစားသွားမည်ဖြစ်ကြောင်း” ကြေးမုံသို့ ပြောကြားသည်။ (ကြေးမုံ)

ဆွေးနွေး

မေ ၂၅ ရက်က တရားသူကြီးချုပ်ဦးအောင်တိုး ဦးဆောင်သော အဖွဲ့ဝင်များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ H.H. Mr. Vyacheslav M. Lebedev နှင့် အဖွဲ့ဝင်များ တရားစီရင်ရေးကိစ္စရပ်များကို ဆွေးနွေးကြစဉ်။ (သတင်းစာမျက်နှာ-၂) (သတင်းစဉ်)



အာဆီယံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းမှ မောင်မောင်မြင့်နှင့် ခင်မောင်ထွန်းတို့ လေ့ကျင့်စဉ်။
ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁)ရပ်ကွက် အောင်မေတ္တာ(၂)လမ်းနေ ဒေါ်ခင်သန်း မိသားစုက ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးရှိ ဘိုးဘွားလူနာများ အသုံးပြုရန် Bedside Table တစ်လုံးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မော်တော်ကားမှန်များတွင် စတစ်ကာကပ်ပါကထိရောက်စွာ အရေးယူမည်

ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတစ်ကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများ ကာရံခြင်းဖြင့် အကာအကွယ်ယူ၍ ဒုစရိုက်မှုများ ကျူးလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ ခုနှစ် ဧပြီလမှစ၍ ထိရောက်သော ဒဏ်ငွေများ သတ်မှတ်ပြီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စတစ်ကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လျစ်လျူရှု၍ စတေကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည်တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတစ်ကာများ၊ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

(၁၃၆၈ ခုနှစ်၊ဦးတန်ခူးလကွယ်နေ့) (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ ဂမုန်းရေလှော်တမံ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Let's Go.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practise in Reading
- ၄း၄၀ ၄။ တေးဂီတအစီအစဉ်
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၅း၂၀ ၇။ မြန်မာစာ၊မြန်မာစကား
- ၅း၃၀ ၈။ သီချင်းကြီးပဒေသာ
- ၅း၄၀ ၉။ **“ဟွန်းသံ”** **(ရောနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)**
- ၅း၄၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၀၀ ၁၄။ **“အသိစိတ်လေးအရင်းတည်၍” (ဖြိုးငွေစိုး၊ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၇း၁၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၇း၂၅ ၁၆။ တေးဂီတအစီအစဉ်
- ၇း၃၅ ၁၇။ မြန်မာမှုပန်းဆယ်မျိုး(ပန်းချီ)
- ၇း၄၅ ၁၈။ ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ဖွင့်ပွဲ(အပိုင်း-၂)
- ၈း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ(ရုပ်သေး) “မင်းကုသဇာတ်တော်ကြီး” (ရေဝတီတိုင်း)**
- ၂၃။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်
- ၂၄။ နောက်တစ်နေ့အစီအစဉ်
- ၂၅။ အစီအစဉ်ပြီး၏။

26-4)09.P65 1 1/1/32, 7:38 PM

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မွန်ပြည်နယ် အမျိုးသမီးရေးရာလုပ်ငန်းများ ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်သည် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်လတ်၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၈ရက်တွင် မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားဓမ္မာရုံ၌ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ အင်္ဂလိပ်စာသင်တန်းသို့သွားရောက်ကြည့်ရှုအားပေးသည်။ အဆိုပါ အင်္ဂလိပ်စာသင်တန်းမှာ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် အခမဲ့သင်ကြားပို့ချလျက်ရှိသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ အစိုးရကွန်ပျူတာကောလိပ်၌ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ သင်တန်းသား ၅၀ဖြင့် ဖွင့်လှစ်သော ကွန်ပျူတာသင်တန်းသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်သည် ပြည်နယ် အမျိုးသမီး ရေးရာအဖွဲ့ နာယကနှင့်အတူ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားလျက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရန်၊ အမျိုးသမီးနှင့် ကလေးများအား လူကုန်ကူးမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (HIV/AIDS) တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများ၊ အမျိုးသားကျန်းမာရေးစီမံကိန်းပါ လုပ်ငန်းများ၊ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အခြားသော လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်က ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်သည် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေပေးခဲ့မှုကြောင့် မုဒုံမြို့နယ် အောင်မြင့်မိုရ်ရ စက်ရက်ကန်းနှင့် ပန်းထိုးလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော အမျိုးသမီးများ၏ အလုပ်ခွင်သို့ သွားရောက် ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် မွန်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။
(အမျိုးသမီးရေးရာအဖွဲ့)

ဆက်ကပ်လှူဒါန်း

ဧရာဝတီတိုင်း ပုသိမ်မြို့ လယ်တီ ပရိယတ္တိစာသင်တိုက် သံဃာဝါသကျောင်းဆောင် ဆောက်လုပ်ရေးအတွက် ပထမအကြိမ် အလှူတော်ငွေ ကျပ် ၁၀၂ သိန်း စုပေါင်းပေးအပ်ပွဲကို ဧပြီ ၂၃ ရက်ကကျင်းပရာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဣန္ဒိဉာဏာဘိဝံသ (နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)ထံ ဘုရားခန်းအလှူရှင် ဦးအောင်မျိုးလွင်-မနွယ်နီတင် မိသားစုက ငွေကျပ် ၂၅သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

YMBA အသင်း နှစ်(၁၀၀)ပြည့် အခမ်းအနား

ရန်ကုန် ဧပြီ ၂၅

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့်ပွဲကို မေ ၉ ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း၊ မေ ၁၀ရက်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မင်္ဂလာ ဆုနှင်းသဘင်တက်ရောက်မည့် သူများသည် မေ ၈ ရက် နံနက် ၉နာရီအရောက် လာ၍ (YMBA) အသင်းတိုက်၌ သတင်းပေးပို့ရန်နှင့် အသင်းရာပြည့်ပွဲအခမ်းအနား တက်ရောက်မည့် အသင်းဝင်များသည် မေ ၉ ရက် နံနက် ၇နာရီအရောက် (YMBA) အသင်းတိုက်သို့လာရောက်ရန် နှိုးဆော်ထားသည်။ (၂၃)

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ရန်ကုန်မြို့ ရန်ကင်း အမှတ်(၁)ရပ်ကွက်နေ ဒေါ်လှမြင့်၊ ဒေါ်ကြည်ကြည်၊ ဒေါ်ရီရီတို့က မိဘနှစ်ပါးအား ရည်စူး၍ ရွှေတစ်ကျပ်သားလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးလှမင်းနှင့် ဦးစိန်ဦးတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အံ့မခန်း မြန်မာ့ပန်းပုပညာလက်ရာ ရွှေကူတံကဲတော်ကြီး
၇း၁၅	Myanmar Video Rhythm
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၅	လင်းလက်နေဆဲကြယ်တစ်ပွင့် (ငွေကမ္ဘာ ကမ္ဘာလှည့် တင်တင်စိန်)
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	မန္တလေးစာပေလောကနှင့် မန္တလေး စာရေးဆရာများ ဦးထွန်းဦး၊ ကိုငြိမ်း(မန္တလေး)၊ ဦးခင်မောင်ဦး (ကိုရိုးကွန့်)၊ ဦးတင်မောင်ထွန်း(ညိုထွန်းလူ)
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	ပြည်တွင်းသတင်းအကျဉ်း
၈း၅၅	လှပဆန်းသစ် ကြွေရည်သုတ်ပစ္စည်းအသစ်
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	အလျော်အစား (ဇင်ဝိုင်း၊ ငွေစင်ထွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇော်လင်း)
၉း၄၀	ပုညခင်၏ အုပ်(၅၀)ပြည့်အခမ်းအနား (မိန်းမတစ်ယောက်ရဲ့ အထ္ထုပ္ပတ္တိ-လုံးချင်းစာအုပ် ထုတ်ဝေသည့် စာနယ်ဇင်းမိတ်ဆက်ပွဲ)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	ပါရမီကုသိုလ်တော် နတ်လူသာဓုခေါ်
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	မြစ်ကိုမြင်လျှင် တံတားဆင်
၁၁း၀၅	နိုင်ငံတကာအနုပညာရေးရာ
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅	အားကစားနှင့်ကျန်းမာရေး
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Champions League
ဘောလုံးပွဲစဉ်

ညပိုင်း	**အစီအစဉ်**
၁း၀၀	Barcelona-AC Milan
လိုင်း	5-Sports (Live)

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၂၅-၄-၂၀၀၆)

မိုးကုတ်	-	၁ ဒသမ ၁၈ လက်မ
ထားဝယ်	-	၁ ဒသမ ၀၆ လက်မ
ပြင်ဦးလွင်	-	၀ ဒသမ ၆၇ လက်မ
ကျောက်ဆည်	-	၀ ဒသမ ၅၁ လက်မ

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ ရန်ကုန်မြို့ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားပြရိပ်သာ ဆောက်လုပ်ရေးအတွက် ရုပ်ရှင်သရုပ်ဆောင် ဗေလုဝ၊ ဇနီး မစုစုခိုင်နှင့် သား ဗေလုသက္ကရာဇ်တို့က အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဓမ္မကထိက ဦးသိန်းဆွေနှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့ လက်ခံရယူစဉ်။ (က-ပ)

ငါးပုစွန်ရေထွက်ပစ္စည်းထုတ်လုပ်လျက်ရှိသော အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ မှတ်ပုံတင်ရန်နှင့် လုပ်ငန်းလိုင်စင်ရယူနိုင်ရေးအသိပေး

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် စသည့် ပြည်နယ်နှင့်တိုင်းများတွင် ငါးပိ၊ ငါးခြောက်၊ ငါးဆားနယ်၊ ငံပြာရည်၊ ငါးကျပ်တိုက်ခြောက်နှင့် ငါးချဉ်လုပ်ငန်းများကို မိရိုးဖလာနည်းဖြင့် ထုတ်လုပ်ခြင်း၊ ပြည်တွင်းရောင်းဝယ်ခြင်းများကို အဓိကဆောင်ရွက်လျက်ရှိပြီး အချို့လုပ်ငန်းရှင်များက ထုတ်လုပ်သည့် ငါးခြောက်၊ ပုစွန်ခြောက် စသည့် ရေထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ကျန်ရှိသော ပြည်နယ်၊ တိုင်းများက ပြည်တွင်းစားသုံးရန်အတွက် ထုတ်လုပ်လျက်ရှိရာ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ထုတ်လုပ်နိုင်ရန် အလွန်ပင်အရေးကြီးသည်။ အထူးသဖြင့် ပိတ်ပင်တားမြစ်ထားသော ဓာတုဆေးဝါးများ သုံးစွဲနေခြင်း၊ ဓာတုဆေးဝါးများကို မှန်ကန်စွာသုံးစွဲမှုမရှိခြင်း၊ မှိုတက်ခြင်း စသည့် ဘေးအန္တရာယ်များကြောင့် စားသုံးသူများ ဘေးအန္တရာယ်ဖြစ်စေခြင်းကို သုတေသနရလဒ်များအရ သိရှိရသည်။ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် အာဆီယံအဖွဲ့အစည်းက ထုတ်ပြန်ထားသော အစားအစာ အန္တရာယ်ကင်းမှုဆိုင်ရာ ကျင့်စဉ်များဖြစ်သည့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်(GMP/SSOP) စသည့် လမ်းညွှန်ချက်များကို ရေထွက်ပစ္စည်းထုတ်လုပ်သူများက လိုက်နာကျင့်သုံးခြင်းဖြင့် စားသုံးသူများ ကျန်းမာသက်ရှည်ရန် ရည်ရွယ်၍ ငါးလုပ်ငန်းဦးစီးဌာနက ပြည်နယ်၊ တိုင်းများတွင် ထုတ်လုပ်လျက်ရှိသော ငါးပိ၊ ငါးခြောက်၊ ငါးဆားနယ်၊ ငံပြာရည်၊ ငါးကျပ်တိုက်ခြောက်၊ ငါးချဉ်လုပ်ငန်းများကို မှတ်ပုံတင်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း ငါးလုပ်ငန်းဦးစီးဌာနများတွင် မှတ်ပုံတင်ခြင်း လုပ်ငန်းလိုင်စင်ရယူပြီး လိုင်စင်ပါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အသိပေးထားသည်။ (သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ် ဝိုင်းမော်မြို့ဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်လှစ် ဒေသခံပြည်သူများ ငွေကြေးကိစ္စအဝဝကို လုံခြုံစိတ်ချစွာဆောင်ရွက်နိုင်ပြီ

ရန်ကုန် ဧပြီ ၂၅

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့သည် မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဧပြီ ၂၂ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ဌာနအသီးသီးတို့မှ တာဝန်ခံအရာရှိများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက သတ်မှတ်ထားသည့် လျာထားချက်များ ပြည့်မီကျော်လွန်စေရေး အထူးဂရုစိုက်ဆောင်ရွက်ကြရန်နှင့် ဒေသအကျိုး၊ တိုင်းပြည်အကျိုး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မြစ်ကြီးနားမြို့ရှိ မြန်မာ့စီးပွားရေး ဘဏ်၊မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန် များ ဦးစီးဌာန၊ အကောက်ခွန်ဦးစီး ဌာနနှင့်ပင်စင်ဦးစီးဌာနတို့သို့သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းဆိုင်ရာ များကို မှာကြားကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ဝိုင်းမော်မြို့ ဘဏ်ခွဲအဆောက်အအုံသစ် ဖွင့်ပွဲအခမ်း အနားကို ဧပြီ ၂၃ရက်တွင် ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်၊ ဘဏ္ဍာရေးနှင့်

အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ တက် ရောက်ကြသည်။

ရှေးဦးစွာ မြစ်ကြီးနားခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော် တို့က ဖဲကြိုးဖြတ်၍ အဆောက်အအုံ သစ်ကိုဖွင့်လှစ်ပေးကြသည်။ဆက်လက် ၍ မြန်မာ့စီးပွားရေးဘဏ် ဝိုင်းမော်မြို့ ဘဏ်ခွဲ အဆောက်အအုံသစ် ဆိုင်းဘုတ် ကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် နှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်က ဒေသတွင်း စီးပွားရေး လုပ်ငန်းများ သွက်လက်မြန်ဆန်စေရေး၊ ငွေကြေးစီးဆင်းလည်ပတ်မှု ချောမွေ့စေ ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးတို့အတွက် လိုအပ်သည့် ငွေရေးကြေးရေးကိစ္စရပ်များကို ပံ့ပိုး ဖြည့်ဆည်းပေးရေးတို့တွင် မြန်မာ့ စီးပွားရေးဘဏ်သည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၏ ဝန်ဆောင်မှု များ လျင်မြန်ချောမွေ့စွာ အောင်မြင်စေ ရေးအတွက် နိုင်ငံတော်အစိုးရပိုင်းက ရပ်ပိုင်းဘဝ အခြေအနေကောင်းများကို ဖန်တီးပေးနေခြင်းကြောင့် ဝိုင်းမော် ဘဏ်ခွဲ အဆောက်အအုံသစ်ကို ခံ့ညား ထည်ဝါစွာ ယနေ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ် ကြောင်း၊ ဒေသခံပြည်သူများကလည်း မိမိတို့၏ ငွေကြေးကိစ္စအဝဝကို လုံခြုံ စိတ်ချစွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ် ကြောင်း၊ ဘဏ်အဆောက်အအုံသစ်ကို ရေရှည် တည်တံ့ခိုင်မြဲရေး၊ အစဉ် သန့်ရှင်းသပ်ရပ်လှပစေရေးတို့အတွက် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဒေသခံပြည်သူ များအတူလက်တွဲပြီး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း က နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် နိုင်ငံတစ်ဝန်း ငွေကြေးစီးဆင်းလည်ပတ်မှုကို တာဝန် ယူ ဆောင်ရွက်နေရသည့် မြန်မာ့ စီးပွား ရေးဘဏ်လုပ်ငန်းများ အောင်မြင်စေ ရန် နိုင်ငံတော်က ဦးစားပေးအဆင့် အလိုက် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်များကို ဖွင့်လှစ် ပေးလျက်ရှိရာ ယခုမြန်မာ့စီးပွားရေး ဘဏ် ဝိုင်းမော်ဘဏ်ခွဲ အဆောက်အအုံ သစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ဖွင့်လှစ်နိုင်ခြင်းဖြင့် ငွေကြေး စီးဆင်းလည်ပတ်မှု ချောမွေ့လာသည် နှင့်အမျှ ဒေသ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုလာ မည် ဖြစ်ကြောင်း၊ ဘဏ်ဝန်ထမ်းများ အနေဖြင့်လည်း မိမိတာဝန်ထမ်းဆောင် ရာ ဒေသကို မိမိမွေးရပ်ဒေသကဲ့သို့ သဘောထားပြီး ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် စေတနာထား ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလို ကြောင်းဖြင့် အကျယ်တဝင့်ပြောကြား သွားသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာ့စီးပွားရေးဘဏ် ဝိုင်းမော်မြို့ ဘဏ်ခွဲအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(ဘဏ္ဍာ/အခွန်)

ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီတို့ ပူးပေါင်း၍ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်တားဆီး ရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်မှုကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြောက်ပိုင်း ခရိုင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်အားပေး ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများသည် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ဓမ္မာရုံလမ်းရှိ ဆွမ်းလောင်းဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူများအား မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန အရာရှိများက ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောနေမှု၊ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲနိုင်ရန် မြို့နယ်ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက စံပြ ယင်လုံအိမ်သာ ဆောက်လုပ်သရုပ်ပြသနေမှု၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှု၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ သက်ကြီးဘိုးဘွားများအား လှူဖွယ် ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်(၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါ သည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင်ပေါက်ပွားသော ခြင်ပုန်း၊ခြင်ကျား အကိုက်ခံရခြင်း ကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရ စေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့်ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(စ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းစွာထားပါ။
(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။
(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။
လိုအပ်ပါက စည်ပင်သာရေးအဖွဲ့၏ အကူအညီကိုယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန်ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ သက်ကြီးပူဇော်ပွဲနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၅

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ သက်ကြီးပူဇော်ပွဲနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲကို ဧပြီ ၂၁ရက် နံနက် ၁၀နာရီတွင် ပြင်ဦးလွင်ခရိုင် ပြင်စာကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်း၌ ကျင်းပသည်။

အစီအစဉ်အရ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း နှင့် အဖွဲ့ဝင်များက သက်ကြီးဘိုးဘွား ၃၀တို့အား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ထို့နောက် အဘိုးအဘွားများ ကိုယ်စား အဘိုးတစ်ဦးက ဆုတောင်း မေတ္တာပို့သပေးသည်။

ဆက်လက်၍ ကျန်းမာရေး ပညာပေး ဟောပြောပွဲကိုကျင်းပရာ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်ထွန်းက ကြက်၊ငှက်တုပ်ကွေး ရောဂါအကြောင်းကို လည်းကောင်း၊ အထက်မြန်မာပြည် တီဘီရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဘိုမြင့်က တီဘီရောဂါအကြောင်းကို လည်းကောင်း၊ အနာကြီးရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာ ကျော်စိန်က အနာကြီးရောဂါ အကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောကြပြီး ကျန်းမာရေး အသိ ပညာပေး လက်ကမ်းစာစောင်များ ဝေငှကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

တက်ရောက်

ကျန်းမာရေးပညာပေးဟောပြောပွဲ တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ဒေသခံပြည်သူ အင်အား ၅၀၀ကျော် တက်ရောက်ကြ သည်။ (သတင်းစဉ်)

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြစ်ကြီးနား လေယာဉ်ကွင်းတိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(ပို့ဆောင်ရေး)

မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့မှုလုပ်ငန်း တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်ဆေး

ရန်ကုန် မေ ၂၅

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မေ ၂၃ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားလေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လေဆိပ်အရေးကြီးပုဂ္ဂိုလ်နားနေဆောင်၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က မူလလေယာဉ်ပြေးလမ်း ပေ ၆၀၀၀ x ပေ ၁၀၀ ကို ပေ ၇၀၀၀ x ပေ ၁၀၀ ရရှိသည်အထိ တိုးချဲ့ဆောင်ရွက်နေမှု အခြေအနေ၊ လေယာဉ် ပြေးလမ်းမြောက်ဘက် ပေ ၂၀၀ x ပေ ၁၀၀ ကျောက်ကတ္တရာခင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြေသားလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မြေပုံ ကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က လေယာဉ်ကွင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် သစ်ပင်ပန်းပင်များအပြင် ကြက်ဆူပင်များကိုလည်း အဓိကထားစိုက်ပျိုးကြရန်၊ မိမိတို့ဌာန ဝင်ငွေတိုး၍ ထွက်ငွေနည်းနိုင်သမျှ နည်းအောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဖြည့်ဆည်း

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်းမြောက်ဘက် ကျောက်ကတ္တရာခင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ကမ္ဘောဇသာဒီနန်းတော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၅

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၉ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်သို့ ရောက်ရှိလာရာ ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စန္ဒာခင်နှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးဌာနခွဲ ပဲခူးဌာနစု တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်ခင်တို့က ကြိုဆိုကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် မြေနန်းပြာသာဒ်ဆောင်အတွင်းရှိ နေရာတော်ခင်းမှုများနှင့် ဘုရင့်နောင်မင်းတရားကြီးစီးနင်းသည့် မြင်း ၁၆ ကောင် ကသည့် ရထားယာဉ်ပုံစံငယ် ပြီးစီးမှုနှင့် မင်းခမ်းတော်ပစ္စည်းများ နေရာချထားမှုများကို အသေးစိတ် လေ့လာကြည့်ရှုသည်။ ယင်းနောက် ဝန်ကြီးသည် ကမ္ဘောဇသာဒီ နန်းတော်ဝင်းအတွင်း မြေခင်းအလှနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဖြည့်စွက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်ငူမြို့သို့ ရောက်ရှိပြီး တောင်ငူမြို့ ရွှေဆံတော် ဘုရားအနီးရှိ သရက်တောကျောင်းတိုက်သို့ သွားရောက်၍ သရက်တောကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒအမှူးပြုသည့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ရေစက်သွန်းချ

ယင်းနောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

(သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ပဲခူးမြို့ ဘုရင့်နောင် မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော် မြေနန်းပြာသာဒ်ဆောင်အတွင်းရှိ မင်းခမ်းတော်ပစ္စည်းများ နေရာချထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ယဉ်ကျေးမှု)

ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းငယ်ဖြစ်ပေါ်

ရန်ကုန် မေ ၂၅

ယနေ့နံနက် မြန်မာစံတော်ချိန် ၁၂း၃၀နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် မိုင် ၆၅၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ဘဒ္ဒန္တ ဝေပုလ္လာအား ဂုဏာပူဇာသဘင်ကျင်းပ

ရန်ကုန် မေ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ပြည်မြို့ ဝေပုလ္လာရာမတိုက်ကျောင်း ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝေပုလ္လာအား ဂုဏာပူဇာသဘင်အခမ်းအနားကို မေ ၅ရက်တွင် ဆရာတော်၏ မွေးဇာတိဖြစ်သော မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ ဝတ်ကျောင်းတော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အပူဇော်ခံဆရာတော်နှင့် ပင့်သံဃာတော်များအား ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင်ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ပအားကစားသတင်း

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ဖူလ်ဟမ်အသင်းက ဝီဂန်အသင်းကိုအနိုင်ရ

လန်ဒန် မေ ၂၅

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၆) လက်ကျန်ပွဲအဖြစ် ဖူလ်ဟမ်အသင်းနှင့် ဝီဂန်အသင်းတို့ တနင်္လာနေ့က ယှဉ်ပြိုင်ကစားကြရာ ဖူလ်ဟမ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဖူလ်ဟမ်အသင်းသည် ယခုပွဲတွင် အနိုင်ရရှိခြင်းကြောင့် လာမည့်နှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၌ ဆက်လက်ပါဝင်ခွင့်ရရှိရန် ရေရာသေချာသွားပြီဖြစ်သည်။

လန်ဒန်ရှိ ကာရာဝင်ကော့တေ့ဂျ်ကွင်းတွင် ကျင်းပသည့်ပွဲတွင်ဖူလ်ဟန်အသင်းသည် ပွဲစတင်ကစားပြီးနောက် သုံးမိနစ်အတွင်းမှာပင် ဂိုးသွင်းရန် အခွင့်အရေးရရှိခဲ့သည်။ ဝီဂန်အသင်း ဖျက်ထုတ်ပုံညံ့ဖျင်းမှုကြောင့် လွဲချော်



ဝီဂန်အသင်းမှ ဂျင်မီဘောလက်(ယာ)က ဖူလ်ဟမ်အသင်း၏ အလယ်တန်းကို ဖြတ်ကာ ဘောလုံးကို ဆွဲယူပြေးစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရောက်ရှိသွားသော ဘောလုံးကို မားလ်ဘရန်နှ့က ကန်သွင်းခဲ့သည်။ သို့ရာတွင် အချိန်အဆလွဲချော်သွားသည့် ဘောလုံးကို ဝီဂန်ဂိုးသမား မိုက်ကယ် ဘောလက် ကာကွယ်လိုက်နိုင်သည်။

ယင်းနောက်တွင် ဝီဂန်အသင်းမှ ဂါရီတေးလ်က ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းရန်ကြိုးပမ်းခဲ့သော်လည်း ဖူလ်ဟမ်ဂိုးသမား နီမီက ကာကွယ်နိုင်ခဲ့သည်။

ပွဲချိန် ၄၅မိနစ်တွင် ဖူလ်ဟမ်အသင်းမှ စတီဒ်ဖယ်လ်ဘရန်နှ့က ဖူလ်ဟမ်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ဖူလ်ဟမ်အသင်းက ဂိုးသွင်းမခံရရေးအတွက် အစွမ်းကုန်ကာကွယ်သွားနိုင်သည်။ ဝီဂန်အသင်း ကစားကွက်များ ကောင်းလာသော်လည်း ဖူလ်ဟမ်ဂိုးသမား နီမီက မနားတမ်းကာကွယ်နိုင်ခဲ့သည်။

ဂိုးသမား နီမီသည် ပြီးခဲ့သည့် ဇန်နဝါရီလက ဖူလ်ဟမ်အသင်းသို့ ရောက်ရှိလာခဲ့ချိန် နောက်ပိုင်း ယခုပွဲသည် ၎င်းအတွက် သတ္တမမြောက်ပွဲ တစ်ပွဲဖြစ်သည်။

_အင်တာနက်။_

အင်းစိန်မြို့ ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျအိမ်ရာ တိုက်(၉)နေ ကွယ်လွန်သူ ဦးဖိုးသီးအား ရည်စူး၍ ဇနီး ဒေါ်ကြည်လှိုင် မိသားစုက အလှူငွေကျပ် တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ်ရပ်ကွက် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းနာယက ဦးကျော်သိန်းနှင့် ဦးစစ်သိန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း အဓိဋ္ဌာန်ပွဲနှင့် ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲ

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီ ဝိပဿနာကျောင်းတိုက်ကြီး၌ တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသော သတ္တဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲနှင့် သတ္တဌာန ဗုဒ္ဓဘုရားရှင်များအား ဓာတ်ကြီးလေးပါးဆွမ်းများ ဆက်ကပ်လှူဒါန်းပွဲ ၁၃၆၈ခုနှစ် ကဆုန်လဆန်း ၆ရက်မှ ၁၄ရက်အထိ (မေ ၂ရက်မှ ၁၀ရက်အထိ) ကိုးရက်တိုင်တိုင် လယ်တီအောင်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအာသဘ အရှင်သူမြတ်က တရားတော်များ ဟောကြားမည်ဖြစ်သည်။

ယင်းသတ္တဌာန ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအဓိဋ္ဌာန်ပွဲကို နေ့စဉ် ညနေ ၅နာရီတွင်လည်းကောင်း၊ သတ္တဌာန ဗုဒ္ဓဘုရားရှင်တို့အား ဓာတ်ကြီးလေးပါး ဆွမ်းများကို နေ့စဉ် နံနက် ၆နာရီခွဲတွင်လည်းကောင်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များသည် ကျောင်းတိုက် ဖုန်း-၅၆၀၇၁၀သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၀၆)

ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၂၅

မြတ်ဗုဒ္ဓ၏ ပဋိပတ် အကျင့်မြတ်ပဋိပတ် တရားတော်များကို ကျေးဇူးရှင်လယ်တီ ဆရာတော်၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့် အညီ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံကြီး)က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ကြီး၏ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတော်ကြီးတွင် မေ ၁ ရက်မှ ၇ ရက် အထိ ညနေ ၆နာရီမှ ၇ နာရီခွဲအထိလည်းကောင်း၊ ကျောက်တံတားမြို့နယ် ၃၈လမ်း (အောက်လမ်း)ရှိ ဗုဒ္ဓဝိဟာရဓမ္မာရုံတွင် မေ ၂ ရက်မှ ၈ ရက်အထိ ည ၇ နာရီခွဲမှ ၉ နာရီအထိလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက်တွင် ခုနစ်ရက်တရားစခန်းအဖြစ် မေ ၁၂ ရက်မှ ၁၈ ရက်အထိလည်းကောင်း ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဂျပန်ဘာသာသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဂျပန်နိုင်ငံ Koeki Shoji Co., Ltd. တို့ ပူးပေါင်းဖွင့်လှစ်သည့် Koeki Japanese Language Course ပထမနှစ် အပတ်စဉ် (၃)နှင့် ဒုတိယနှစ် အပတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း အမှတ်(၄၇/၈၆) UMFCCI Training Centre ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသူ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

တက်ရောက်

အခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူး၊ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင် **(အပေါ်ပုံ)**နှင့် Koeki Shoji Co., Ltd. မှ ဒါရိုက်တာ Mr. Kinoshita Eigo တို့က အမှာစကားပြောကြားကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၇၄ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဦးသိန်းမောင်အားရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် (၄)ရပ်ကွက် အေးရိပ်မွန်အိမ်ရာနေ ဒေါ်ဆန်းညွန့်က ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ် ၁၁၀၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မေ ၆ ရက်က ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာယဉ်မင်းဦး (ဒုလ္လဘ သီလရှင် မဝဏ္ဏသိင်္ဂီ) မှ အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဗုဒ္ဓဂယာ မြန်မာသာသနာပြု ဘုန်းကြီးကျောင်းဆရာတော်သို့ ဆွမ်းစားကျောင်းဆောင်အတွက် ငွေကျပ် ၂၃၀၀၀၀ တန်ဖိုးရှိ ရေသန့်စင် ရေအေးစက်တစ်လုံး လှူဒါန်းစဉ်။ (ကြေးမုံ)

Carrier လေအေးပေးစက်များ မြန်မာဈေးကွက်တွင် စတင်ဖြန့်ချိသည့် အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၅

Constructive Engineer Ltd. မှ ကြီးမှူးကျင်းပသော Carrier အမျိုးအစား လေအေးပေးစက်များ မြန်မာနိုင်ငံဈေးကွက်တွင် စတင်မိတ်ဆက်ဖြန့်ချိသည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်ကြီးများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Constructive Engineer Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်သင်းဝတ်ရည်ကျော်နှင့် Carrier Singapore Ltd. ၏ Export General Manager, Mr. Alan Chew တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ဈေးကွက်မန်နေဂျာ ဦးကျော်မိုးက မြန်မာဈေးကွက်တွင် Carrier လေအေးပေးစက်များကို အထူး သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ချိမည့်စနစ်များကို ရှင်းလင်းတင်ပြပြီး ကြွရောက်လာကြသော ဧည့်သည်များ သိလိုသည့် မေးမြန်းချက်များကို ကုမ္ပဏီမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

Carrier လေအေးပေးစက်များကို မြန်မာနိုင်ငံဈေးကွက်တွင် ဖြန့်ချိရာ၌ အိမ်တွင်းသုံး လေအေးပေးစက်မှ အစ စက်ရုံအလုပ်ရုံနှင့် ဟိုတယ်လုပ်ငန်းသုံး လေအေးပေးစက်ကြီးများအထိ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

Carrier လေအေးပေးစက်များ စတင် မိတ်ဆက်ဖြန့်ချိသည့် အခမ်းအနားတွင် မန်နေဂျင်း ဒါရိုက်တာ ဒေါ်သင်းဝတ်ရည်ကျော် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဂုဏဝိသိဋ္ဌပူဇာသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျိုင်းတုံမြို့၌ ကျင်းပ

နေပြည်တော် ဧပြီ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဂုဏဝိသိဋ္ဌပူဇာသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဧပြီ ၂၂ ရက် ညနေ ၄ နာရီက ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်သံဃနာယကအဖွဲ့ဝင် ကျိုင်းတုံမြို့ ဓမ္မောဒယ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဇေယျ အမှူးပြုသော ဆရာတော်ကြီးများနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဝတ်ရွတ်အသင်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

တက်ရောက်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopibanတို့ ကျိုက်ထီးရိုးစေတီတော်တွင် နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပူဇော်သုံးစွဲရန်အတွက် စီမံကိန်းတည်ဆောက်မည့် မြေနေရာ၌ အုတ်မြစ်ချခြင်း အခမ်းအနားသို့ တက်ရောက်စဉ်။

(စွမ်းအင်)

ကျိုက်ထီးရိုးစေတီတော်တွင် နေရောင်ခြည်စွမ်းအင် အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပူဇော်မည်

ရန်ကုန် ဧပြီ ၂၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၃ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban နှင့် နှစ်နိုင်ငံစွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများသည် ယင်းနေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီတော်သို့ သွားရောက်ကြပြီး ဧပြီ ၂၄ရက် နံနက်ပိုင်းတွင် ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက ဂေါပကအဖွဲ့သို့ ကျိုက်ထီးရိုးစေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကျိုက်ထီးရိုးစေတီတော်ပုံတော်များကို ဓမ္မဒါနအဖြစ် ပြန်လည်ပေးအပ်သည်။

တက်ရောက်

ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အစီအစဉ်အရ ကျိုက်ထီးရိုးစေတီတော်အား နေရောင်ခြည်စွမ်းအင် အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပူဇော်သုံးစွဲခြင်း စီမံကိန်းနှင့် သက်ဆိုင်သည့် အထောက်အကူပြု ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၄ရက် နံနက် ၈နာရီတွင် စေတီတော်ရင်ပြင်ရှိ ဆီမီးကိုးထောင် အာရုံခံတန်ဆောင်း၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Viset Choopiban၊ နယ်မြေခံတပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ မွန်ပြည်နယ်

စာမျက်နှာ ၉ ကော်လံ ၃ သို့ ▲

ယနေ့မိုးလေဝသ

(၂၆–၄–၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော် မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း(၄၀)ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း(၆၀)ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း(၆၀)ဖြစ်သည်။

အာဆီယံ ဖူဆယ် ဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာအသင်း အပြီးသတ် ရွေးချယ်လေ့ကျင့်

ရန်ကုန် ဧပြီ ၂၅

၂၀၀၆ခုနှစ် မေ ၂ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အာဆီယံတံခွန်စိုက် ဖူဆယ်ဘောလုံးပြိုင်ပွဲ တွင် ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးသမား ၁၂ဦးကို အပြီးသတ် ရွေးချယ်ထားပြီး လေ့ကျင့်ပေးလျက်ရှိသည်။

ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးကြည်မင်းသိန်း(အမှုဆောင်၊ ဘောလုံးအဖွဲ့ချုပ်)၊ နည်းပြဆရာများအဖြစ် ဦးအေးမောင်လေး(လက်ထောက်ညွှန်ကြားရေးမှူး၊အား/ကာ)၊ ဦးဖေခင် (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)၊ ကစားသမားများအဖြစ်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

အာဆီယံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဖူဆယ် ဘောလုံးအသင်း။

ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

ကျင်ဟိုင်း–တိဘက် ရထားလမ်း

ကျင်ဟိုင်း–တိဘက် ရထားလမ်းတစ်နေရာကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ကျင်ဟိုင်း–တိဘက် ပြေးဆွဲမည့် ရထားများ အောက်စီဂျင်ဓာတ် လွှတ်ပေးထားမည်

လာဆာ ဧပြီ ၂၅

ကမ္ဘာ့အမြင့်ဆုံးတောင်များပေါ်တွင် ဖောက်လုပ်ထားသော တရုတ်နိုင်ငံ ကျင်ဟိုင်း–တိဘက် ရထားလမ်းပေါ်၌ ပြေးဆွဲမည့် ရထားတွင် ခရီးသည်များ ကုန်းမြေအမြင့်ကြောင့် အောက်စီဂျင်ဓာတ်နည်းပါးကာ မအီမသာမဖြစ်စေရန် အောက်စီဂျင်ဓာတ်လွှတ်ပေးမည့် ကိရိယာများ တပ်ဆင်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇူလိုင်လတွင် ခရီးသည်များတင်ဆောင်ကာ စတင်ပြေးဆွဲမည်ဖြစ်သည်။ရထားတွဲအတွင်း အောက်စီဂျင်လွှတ်ပေးမည့်စနစ်ကို ဗဟိုလေအေးပေးစက်မှ အအေးဓာတ်ပေးသည့်စနစ်ကဲ့သို့ တပ်ဆင်ထားမည်ဖြစ်သည်။ သို့ဖြစ်၍

စာမျက်နှာ ၉ ကော်လံ ၆ သို့ ❖

ထူးခြားသည့် နေ့အပူချိန်များ

(၂၅–၄–၂၀၀၆)

မုံရွာ၊ညောင်ဦးနှင့်မင်းဘူး
၄၂ ဒီဂရီစင်တီဂရိတ်
(၁၀၈ ဒီဂရီဖာရင်ဟိုက်)

ချောက်၊ မကွေးနှင့် ပခုက္ကူ
၄၁ ဒီဂရီစင်တီဂရိတ်
(၁၀၆ ဒီဂရီဖာရင်ဟိုက်)